စိတ်ကူးချိုချိုအနုပညာ

တက္ကသိုလ်ဝင်တန်းအဆင့်

# ခေါင်းစဉ်ဆင့်တူ စာစီစာကုံးနှင့် အက်ဆေးများ

(မြန်မာ/အင်္ဂလိပ်)

ဆရာဦးလှထွန်း(နာဂသိန်မြန်မာစာ)
ဆရာညွန့်ဝေမိုး(educator)



mgyoe.com

mgyoe.com

တက္ကသိုလ်ဝင်တန်းအဆင့်

# ခေါင်းစဉ်ဆင်တူ
# စာစီစာကုံးနှင့်
# အက်ဆေးများ

(မြန်မာ/အင်္ဂလိပ်)

ဆရာဦးလှထွန်း(နာဂသိန်မြန်မာစာ)
ဆရာညွန့်ဝေမိုး(educator)

NWM0013
2,200.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်ဒီ
၂၀၁၃၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၂၀၀ ကျပ်

၈၀၈ · ၈၄

ခေါင်းစဉ်ဆင်တူစာစီစာကုံးနှင့်အက်ဆေးများ
ဆရာဦးလှထွန်း၊ ဆရာညွန့်ဝေမိုး -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၆၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ
(၁) ခေါင်းစဉ်ဆင်တူစာစီစာကုံးနှင့်အက်ဆေးများ

mgyoe.com

mgyoe.com

# အမှာ

တက္ကသိုလ်ဝင်တန်း စာသင်သားများအား အရေးအသားနှင့် မိမိအယူအဆ ထုတ်ဖော်တင်ပြမှုကို စစ်ဆေးသည့် မြန်မာစာစီစာကုံးမေးခွန်းနှင့် အင်္ဂလိပ် အက်ဆေး မေးခွန်းတို့သည် တက္ကသိုလ်ဝင်တန်း စာသင်သားတို့ ဂုဏ်ထူးပန်း ဆွတ်ချူနိုင်ရေးအတွက် လွန်စွာအရေးပါလှပါသည်။ မြန်မာစာစီစာကုံး ရေးဖွဲ့ တင်ပြပုံ ကောင်း မကောင်း၊ အရေးအသား ဆွဲဆောင်မှု ရှိ မရှိ၊ စုစည်း တင်ဆက်ပုံ နေရာကျ မကျ စသည်တို့ကို ထုတ်ဖော်စစ်ဆေးသကဲ့သို့ အင်္ဂလိပ် အက်ဆေးများတွင်လည်း အချက်အလက် ဆီလျော်မှု (Relevancy)၊ စာပိုဒ် အတွင်း စုစည်းမှု (Coherence) နှင့် စာတစ်ပုဒ်လုံး စည်းလုံးညီညွတ်မှု (Unity) တို့ကို စစ်ဆေး၍ ဝါကျရေးဖွဲ့ပုံ စုံ မစုံ (Variety of Sentences) ကိုလည်း အကဲဖြတ်လေ့ရှိပါသည်။

ယခုလောလောဆယ် စစ်ဆေးနေသော တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်း ပုံစံအရဆိုလျှင် မြန်မာစာစီစာကုံးမေးခွန်းများတွင် ရေးသားရန် အထောက်အကူ ဖြစ်စေမည့် ပုံကြမ်းအချက်အလက် (outline) ပေးထားပါသည်။ သို့သော် အင်္ဂလိပ်အက်ဆေး မေးခွန်းများအတွက်မူ အထောက်အကူပြုအချက်များ မပေး ပါ။ မြန်မာစာစီစာကုံး မေးခွန်းပါ ပုံကြမ်းအချက်အလက်များကို အကြောင်း အရာပြ ဝါကျ (ဝါ) ဦးဆောင်ဝါကျအဖြစ် အသုံးပြု၍ စာစီစာကုံးအဖြစ် ရေးသားနိုင်၍ ရေးသားရာတွင်လည်း စာပိုဒ်အရေအတွက် ကန့်သတ်မထားပါ။ သို့ရာတွင် အင်္ဂလိပ် အက်ဆေးများ ရေးသားရာတွင် နိဒါန်း (Introduction)၊ စာကိုယ် (Body) နှင့် နိဂုံး (Conclusion) ဟူ၍ စာပိုဒ်သုံးပိုဒ်သာ ရေးသားရပါသည်။

စာပေလေ့လာနည်း အမျိုးမျိုးရှိသည့်အနက် နှိုင်းယှဉ်လေ့လာနည်း (Comparative Study) သည်လည်း တစ်နည်းအပါအဝင်ဖြစ်ပါသည်။ ဆက်နွယ်မှုရှိသော စာအမျိုးအစားနှစ်ခုကို နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် တူညီ

mgyoe.com

mgyoe.com

သော အချက်အလက်များ (Similarities)၊ ခြားနားချက်များ (Differences)နှင့် စာပေနယ်နှစ်ခုစလုံးနှင့် ထိစပ်နေသည့် ထူးခြားချက်များ (Overlapping Features) များကို လေ့လာသိရှိနိုင်ပါသည်။

မြန်မာစာပေလောကတွင် အင်္ဂလိပ်–မြန်မာ ဘာသာပြန်ဆိုချက်ကို စာမျက်နှာချင်းဆိုင် ဖော်ပြသည့် ယှဉ်တွဲဘာသာပြန်ဆိုချက် (Parallel Text) ပုံစံနှင့် အင်္ဂလိပ်– မြန်မာဘာသာပြန်ဆိုချက် (Translation) ပုံစံများကိုသာ ထုတ်ဝေခဲ့ဖူးပါသည်။ ဆရာမြသန်းတင့်၏ အင်္ဂလိပ်–မြန်မာ ဘာသာပြန် အက်ဆေးများနှင့် ဆရာစောရွှေဗိုလ်၏ ခေတ်စမ်းဘာသာပြန်စာအုပ်တို့မှာ ယှဉ်တွဲဘာသာပြန်ပုံစံဖြစ်၍ အလယ်တန်း ကျောင်းသားကျောင်းသူများအတွက် ရည်ရွယ်ထုတ်ဝေသည့် ကိုရင်ဂျမ်း (ဆရာတင်မိုး) ရေးသားသော အစမ်းစာ (စာစီစာကုံး) များကို ကက်နက်ဘစိန် (Kennet Ba Sein) က အင်္ဂလိပ်ဘာသာ ပြန်ဆိုသည့် “အလွယ်ဆုံး အင်္ဂလိပ်မြန်မာ စာစီစာကုံးများ” စာအုပ်သည် မြန်မာ–အင်္ဂလိပ်ဘာသာပြန်စာအုပ် ဖြစ်ပါသည်။ ဤစာအုပ်ကို ကမ္ဘာ့ခေတ်စာပေ (မန္တလေး) က ၁၉၆၅ တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေ၍ အရုဏ်ဦးစာပေ (ရန်ကုန်) က ၁၉၆၇ တွင် ဒုတိယအကြိမ်အဖြစ် ထုတ်ဝေခဲ့သည်။

ယခု “ခေါင်းစဉ်ဆင်တူ စာစီစာကုံးနှင့် အက်ဆေးများ” စာအုပ်မှာမူ အင်္ဂလိပ်မှ မြန်မာ (သို့မဟုတ်) မြန်မာမှ အင်္ဂလိပ်သို့ ဘာသာပြန်ဆို ရေးသားထားသည့်စာအုပ် မဟုတ်ပါ။ ခေါင်းစဉ်ဆင်တူ၊ အကြောင်းအရာတူ ယှဉ်တွဲလေ့လာမှု (Comparative Study) ပြုနိုင်ရန် စီစဉ်ထားသော စာအုပ်ဖြစ်ပါသည်။ စာသင်သားတို့သည် မြန်မာစာစီစာကုံးနှင့် အင်္ဂလိပ်အက်ဆေးတို့ကို ယှဉ်တွဲ လေ့လာခြင်းဖြင့် ယင်းတို့အကြား ကွဲပြားချက်များနှင့် တူညီချက်များကို လေ့လာ သိရှိနိုင်၍ မိမိတို့ကိုယ်တိုင် ရေးသား လေ့ကျင့်သည့်အခါ၌လည်း စိတ်ကူး စိတ်သန်းများ ရရှိစေရန်နှင့် စာအရေးအသား ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

ညွန့်ဝေမိုး

mgyoe.com

mgyoe.com

# မာတိကာ

**သရုပ်ဖော်စာစီစာကုံးများ**


၁။ အရုဏ်ဦး ၁
The Best Time of the Day ၅
၂။ လရောင်ဆမ်းသောည ၇
A Beautiful Moon-lit Night ၁၁
၃။ မြူနှင်းငယ်စို လပြာသို ၁၃
The Best Month of the Year ၁၇
၄။ လေပြန်လောင်းသည့် ဟေမာန်ဆောင်း ၁၉
The Most Pleasant Season of the Year ၂၃
၅။ ဈေးမြင်ကွင်း ၂၆
A Crowed Shopping Centre ၃၃
၆။ ဘုရားဖူးတစ်ခေါက် ၃၅
A Visit to a Historical Pagoda ၃၉
၇။ ရှုခင်းသာယာ ပြည်မြန်မာ ၄၁
Scenic Spots in Myanmar ၄၅
၈။ မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များ ၄၇
Famous Festivals of Myanmar ၅၂


**ဖွင့်ဆိုရှင်းပြ စာစီစာကုံးများ**


၁။ အချိန်၏ တန်ဖိုး ၅၄
Knowing the Value of Time ၅၈
၂။ စည်းကမ်း ၆၀
The Importance of Self-Displine ၆၄
၃။ မိတ်ဆွေကောင်း ၆၇
Money Cannot Buy True Friends ၇၁


mgyoe.com

mgyoe.com


၄။ ယဉ်ကျေးသိမ်မွေ့ခြင်း ၇၃

Good Manners ၇၆

၅။ အားကစားနှင့် လူငယ် ၇၈

The Importance of Sports and Games ၈၂

၆။ လူငယ်နှင့် စာဖတ်ခြင်း ၈၅

Reading Gives Us Knowledge as well as Pleasure ၈၉

၇။ လမ်းလျှောက်ခြင်း ၉၂

Walking is a Good Exercise ၉၆

၈။ ခရီးသွားခြင်း အကျိုး ၉၈

The Value of Travelling ၁၀၂

၉။ သစ်ပင်စိုက်ပျိုးခြင်း ၁၀၄

The Benefits of Growing Trees ၁၀၈

၁၀။ စာဖတ်ဝါသနာ ၁၁၁

Reading, An Enjoyable Hobby ၁၁၉

၁၁။ သတင်းစာဖတ်ခြင်းအကျိုး ၁၂၁

The Benefits of Reading Newspapers ၁၂၆

၁၂။ ကျေးရွာနှင့် စာကြည့်တိုက် ၁၂၉

The Value of Libraries ၁၃၄

၁၃။ ဝါသနာ ၁၃၇

Some Enjoyable Hobbies ၁၄၁


**ကျိုးကြောင်းပြ စာစီစာကုံးများ**


၁။ ကျွန်ုပ်နှစ်သက်သော ဂျာနယ်တစ်စောင် ၁၄၃

A Popular Journal ၁၄၇

၂။ ကျွန်ုပ်အနှစ်သက်ဆုံး စာဆို ၁၅၀

A Popular Writer ၁၅၅

၃။ အနှစ်သက်ဆုံး စာအုပ်တစ်အုပ် ၁၅၈

My Favourite Book ၁၆၃


mgyoe.com

mgyoe.com


၄။ ကျွန်ုပ်အနှစ်သက်ဆုံး ကဗျာတစ်ပုဒ် ၁၆၆

My Favourite Poem ၁၇၀

၅။ ကျွန်ုပ်နှစ်သက်မိသော သီချင်းတစ်ပုဒ် ၁၇၂

A Popular Song ၁၇၅

၆။ ကျွန်ုပ်ခင်မင်လေးစားရသော ဆွေမျိုးတစ်ဦး ၁၇၈

My Favourite Uncle ၁၈၂

၇။ စာအုပ်စာပေ လူ့မိတ်ဆွေ ၁၈၅

Books, Our Companions ၁၉၀

၈။ ဘဝအလင်းရောင် ပညာတန်ဆောင် ၁၉၂

Education Gives Us Knowledge as well as Wisdom ၁၉၆

၉။ ရိုးရာပွဲတော် တို့နွှဲပျော် ၁၉၈

Myanmar's Favourite Festival ၂၀၂

၁၀။ လူကိုဖျက် အရက် ၂၀၄

Smoking is harmful to Health ၂၀၉

၁၁။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ၂၁၂

Health is Wealth ၂၁၉

၁၂။ လမ်းပန်းဆက်သွယ်ရေး၏ အကျိုးတရားများ ၂၂၁

The Value of Roads ၂၂၅

၁၃။ ပတ်ဝန်းကျင်အလှ ထိန်းသိမ်းကြ ၂၂၇

Environmental Problems: A Global Concern ၂၃၁


**စကားပုံစာစီစာကုံးများ**


၁။ အနာခံမှ အသာစံရ ၂၃၄

No Pain, No Gain ၂၃၈

၂။ ညီညွတ်ခြင်းသည် အင်အား ၂၄၀

Unity is Strength ၂၄၄

၃။ အချိန်ရှိခိုက် လုံ့လစိုက် ၂၄၆

Time and Tide Waits for No Man ၂၅၁

၄။ အလိမ္မာ စာမှာရှိ ၂၅၃

The Benefits of Reading ၂၅၉


mgyoe.com

mgyoe.com

တက္ကသိုလ်ဝင်တန်းအဆင့်

# ခေါင်းစဉ်ဆင်တူ
# စာစီစာကုံး နှင့် အက်ဆေးများ
# (မြန်မာ/အင်္ဂလိပ်)

ဆရာဦးလှထွန်း (နာဂသိန် မြန်မာစာ)
ဆရာညွန့်ဝေမိုး (educator)

mgyoe.com

mgyoe.com

## အရုဏ်ဦး

- အရုဏ်ဦး ရှုခင်း၏ သာယာလှပပုံ
- မြန်မာတို့ ကုသိုလ်ရေး ဆောင်ရွက်ကြပုံ
- လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ကြပုံ
- တစ်နေ့တာ လန်းဆန်းတက်ကြွပုံ
- လူ့ဘဝ၏ အရုဏ်ဦးမှစ၍ တိုးတက်လင်းလက်တောက်ပလာအောင် အားမာန်နှင့် ကြိုးပမ်းဆောင်ရွက်သင့်ပုံ
- မိမိအမြင်

### အရုဏ်ဦး

အရုဏ်ဦး အချိန်အခါသမယသည် ညဥ့်အမှောင်ပျောက်၍ အလင်းသို့ စတင်ဝင်ရောက်စေပြီး နေမထွက်မီ အရှေ့အရပ်၌ ဦးစွာပေါ်သော ရွှေပြေး အလင်းရောင် ထွက်ပြူစအချိန်ပင် ဖြစ်ပါသည်။ ထိုအချိန်တွင် တစ်ညတာ အိပ်စက်အနားယူပြီး ငြိမ်သက်တိတ်ဆိတ်နေသော ကမ္ဘာလောကကြီးသည် လူးလွန့်လှုပ်ရှားစ ပြုလာပေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး၏ အရုဏ်ဦးရှုခင်းများမှာ သာယာလှပစွာ တည်ရှိလျက် ရှိပါသည်။ အရုဏ်ဦး၏ ကောင်းကင်ကြီးသည် ကြည်လင်စွာ တည်ရှိနေပါသည်။ အရုဏ်ဦး၏ မိုတ်တုတ်ကြယ်ကလေးများသည် ထွက်ပေါ်လာသည့်အလင်းရောင်ကို ပုန်းရှောင်နေကြသည်။ အရုဏ်ဦး

mgyoe.com

mgyoe.com

၏ လေပြည်ကလေးများလည်း ဆော့ကစားနေပြီး ကြည့်လေရာ ရှုမငြီးစဖွယ် သာယာလှပလျက် ရှိပါသည်။

အရုဏ်ဦး အချိန်ကာလသို့ ရောက်သည်နှင့် ဘုန်းတော်ကြီးကျောင်းမှ ကုလားတက်ခေါက်သံ၊ အုန်းမောင်းခေါက်သံများ ထွက်ပေါ်သည်။ မကြာမီ နိဗ္ဗာန်ဆော်တို့၏ ကောင်းမှုကုသိုလ်ပြုကြရန်၊ သံဃာတော်တို့အား ဆွမ်းလောင်း လှူဖို့ ပြင်ဆင်ကြရန် နှိုးဆော်သံများကို ကြားနေရပါသည်။ ကျွန်ုပ်တို့ မြန်မာ လူမျိုးများသည် ဘာသာတရား ကိုင်းရှိုင်းကြပြီး ကောင်းမှုကုသိုလ်ဖြင့် မွေ့လျော် ကာ စေတနာတရား ထက်သန်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် မင်္ဂလာ ရှိသော နံနက်ခင်း အရုဏ်ဦးကာလတွင် ကောင်းမှုကုသိုလ်ယူကြရန် အိပ်ရာမှ ထ၍ ပြင်ဆင်ကြလေသည်။ မကြာမီ ဘုရားဝတ်ပြုသံများ၊ အမျှအတန်း ပေးဝေ သံများကို ကြားနာရသဖြင့် သာစုပင် ခေါ်မိပါသည်။ ထို့နောက် သံဃာတော်များ အရုဏ်ဆွမ်းအလို့ငှာ ဆွမ်းခံကြွလာကြရာ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများက စေတနာသဒ္ဒါတရား ထက်သန်စွာဖြင့် လောင်းလှူနေကြသည်မှာ အတုယူ အားကျဖွယ် ကောင်းလှပေသည်။ ထိုသို့ အရုဏ်ကျင်းသည့် မင်္ဂလာနံနက်ခင်း အချိန်အခါ၌ မြန်မာတို့ ကုသိုလ်ရေး ဆောင်ရွက်ကြပုံကို တွေ့ရသည့်အခါ အလွန်စိတ်ကြည်နူးဖွယ် ကောင်းလှပေသည်။

တစ်ညတာ အနားယူပြီးနောက် နေ့သစ်သို့ ရောက်ပြီဖြစ်သည့်အတွက် လူသားတို့ အိပ်ရာမှထကာ မိမိတို့သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရန် ပြင်ဆင်ကြပေသည်။ ကျွန်တော်တို့ မိသားစုသည်လည်း သက်ဆိုင်ရာ လုပ်ငန်းခွင် သို့ ဝင်ရောက်ကြရန် ပြင်ဆင်ကြပေသည်။ ရှေးဦးစွာ မေမေသည် မီးဖိုချောင်သို့ ဝင်ရောက်ပြီးလျှင် တစ်အိမ်သားလုံး စားသောက်ရေးအတွက် စီမံချက်ပြုတ်နေ ပါသည်။ ဖေဖေသည်လည်း ညက မပြီးပြတ်သေးသည့် အလုပ်ကိစ္စများကို ပြီးစီးအောင် ဆောင်ရွက်၍ ရုံးသွားရန် ပြင်ဆင်လျက် ရှိပါသည်။ ဘွားဘွားက ဘုရားခန်းတွင် ဘုရားရှိခိုးလျက် အမျှအတန်း ပေးဝေနေသည်။ ကျွန်တော်နှင့် ညီလေးမှာ ကျောင်းစာများကို သူ့ထက်ငါ အလုအယက် ကျက်မှတ်နေကြသည်။ ထိုသို့ ကျွန်တော်တို့မိသားစုသည် မိမိ သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ စတင် ဝင်ရောက်ကြသကဲ့သို့ အခြားသူများလည်း မိမိတို့ သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ ဝင်ရောက်နေကြလိမ့်မည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


အရုဏ်ဦးအချိန်ကာလသည် လူသားတို့ မောပန်းသမျှကို အနားယူ အိပ်စက်ပြီး နိုးထလာသည့်အချိန် ဖြစ်သောကြောင့် လူသားတို့အဖို့ တစ်နေ့တာ၏ အလန်းဆန်း အတက်ကြွဆုံးအချိန်လည်း ဖြစ်ပါသည်။ အိပ်ရေးဝဝ အိပ်ထားကြသဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းလျက် ရှိပေသည်။ ဦးနှောက်ကြည်လင်လန်းဆန်းနေသဖြင့် ကျွန်တော်တို့ ကျောင်းသူကျောင်းသားများအဖို့ အင်မတန်စာကျက်ကောင်း၍ စာ ပိုရလွယ်သည်။ စီးပွားရေးလုပ်ငန်းရှင်များအတွက်မူ စိတ်ကူးဉာဏ်သစ်များကို အကောင်အထည်ဖော်ရန်အတွက် တစ်နေ့တာပတ်လုံး လန်းဆန်းတက်ကြွလျက် ရှိနေပေတော့သည်။

နေ့တစ်နေ့၏ အချိန်ကာလသည် အမှောင်ထုပျောက်၍ အလင်းရောက်သည့် အရုဏ်ဦးအချိန်မှ စတင်ကာ အမှောင်ထုရောက်၍ အလင်းပျောက်သည့်အချိန်ထိအောင် ဖြစ်ပေသည်။ ထို့ကြောင့် အရုဏ်ဦးအချိန်ကာလသည် နေ့တစ်နေ့တာ၏ အစဦးလမ်းစပင် ဖြစ်ပေသည်။ အရုဏ်ဦးအချိန်မှ စတင်ကာ တစ်လျှောက်လုံး အလင်းရောင်တို့ကို ဆောင်ကြဉ်းနိုင်ခဲ့သည်။ ထိုနည်းတူစွာပင် လူသားတို့၏ ဘဝတစ်လျှောက်လုံး အမြဲပင် ဖွံ့ဖြိုး၍ လင်းလက်တောက်ပလာအောင် လူ့ဘဝ၏ အရုဏ်ဦးအချိန်မှ စတင်ကာ အားကြိုးမာန်တက် ကြိုးစားလုပ်ဆောင်သင့်ပေသည်။ ထိုသို့ ဆောင်ရွက်ကြိုးပမ်းမှသာလျှင် လူ့ဘဝတစ်လျှောက်လုံး ချမ်းသာသုခကို ခံစားရနိုင်ကာ နောင်သံသရာထိ ရရှိခံစားနိုင်ပေတော့မည်။

နံနက်အရုဏ်ဦးအချိန်သည် ကျန်းမာရေး လေ့လာလိုက်စားသူတို့အတွက် အားကစားလုပ်ရန် အကောင်းဆုံးအချိန် ဖြစ်သည်။ အရုဏ်ဦး၏ သန့်ရှင်းလတ်ဆတ်သောလေကို တစ်ဝကြီးရှူသွင်းကာ ကျန်းမာရေးအတွက် လမ်းလျှောက်ရသည်မှာ အရသာရှိလှသည်။ အထူးသဖြင့် ဒီဇင်ဘာလ၏ နံနက်ခင်းတွင် ကန်တော်ကြီးအနီးတစ်ဝိုက်၊ အင်းလျားကန်တစ်ဝိုက်၊ ဦးဝိစာရ လမ်းမပေါ်၊ ဗဟိုလမ်းမပေါ်တို့တွင် လမ်းလျှောက်သူများနှင့် စည်ကားလျက် ရှိသည်။ ယခုအခါတွင် လူကြီးများသာမက ကလေးများကပါ လမ်းလျှောက်ခြင်း လေ့ကျင့်ခန်းကို နှစ်ခြိုက်စွာ ပြုလုပ်လာကြပြီ ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် သွေးလှည့်ပတ်မှုကို ကောင်းစေပြီး နေရထိုင်ရကောင်း၍ တစ်နေ့တာလုပ်ငန်းဆောင်တာတို့ကို လန်းဆန်းတက်ကြွစွာ လုပ်ကိုင်နိုင်စေသည်။

mgyoe.com

mgyoe.com


အရုဏ်ဦးအချိန်သည် ကလေးများအတွက်လည်း တစ်နေ့တာ၏ လန်းဆန်းတက်ကြွသောအချိန် ဖြစ်သည်။ ထိုအချိန်တွင် စာကျက်လျှင် စာများ ပို၍ အရလွယ်သည်။ အရုဏ်ဦး၏အလှနှင့် ကလေးများ၏ စာကျက်သံသည် ပနံရလှသည်။ အရုဏ်ဦးတွင် ကလေးများ၏ စာကျက်သံသည် မိဘတို့၏ရင်ဝယ် ငြိမ်းချမ်းစေပါသည်။ ယနေ့ခေတ်ကဲ့သို့သော ပညာခေတ်တွင် ကလေးများ စာကို အပတ်တကုတ် ကြိုးစားပါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ အရုဏ်ဦး၏အလှနှင့် ကလေးတို့၏ အားကြိုးမာန်တက် စာကျက်သံတို့ အမြဲမခွဲဘဲ တွဲနေမှသာ တိုင်းပြည်၏အနာဂတ်သည် လှပနေမည်ဖြစ်သည်။

သို့ဖြစ်၍ အရုဏ်ဦးသည် နေ့တစ်နေ့၏ အစကနဦး အချိန်ကာလဖြစ်ပြီး လူသားတို့ကို အားသစ်အင်သစ် မွေးဖွားပေးသည့် အချိန်ကာလလည်း ဖြစ်ပါသည်။ တစ်နေ့တာ၏ကာလကို "ည" ဟူသော အမှောင်ထု၏ကြီးစိုးမှုက ဝါးမျိုခဲ့ပြီး ထိုညတာသည် အရုဏ်ဦး၏ လင်းရောင်ခြည် ရောက်လာသည်နှင့် အတိတ်တွင် နေရစ်ခဲ့ရသည်။ အရုဏ်ဦး၏ အလင်းရောင်ခြည် ရောက်လာသော အခါ အရာအားလုံးသည် အသစ်က ပြန်စရသည်။ ထို့ကြောင့် အရုဏ်ဦးသည် နေ့သစ်ကို စတင်ရန် ဖန်တီးပေးသကဲ့သို့ လူသားတို့၏ ဘဝသစ်ကို စတင်ရန် အားသစ်အင်သစ်တို့ မွေးဖွားရာ အချိန်ကာလကြီးတစ်ခုပင် ဖြစ်ပါသည်ဟု ဆိုချင်ပါတော့သည်။

*

mgyoe.com

mgyoe.com

## The Best Time of the Day

People invented timepieces to keep track of time. They measure time in seconds, minutes and hours. Moreover, they invented the calendar to count days, weeks and years. Generally, time is the passing of hours, days, weeks, months and years. A day is set to be the length of 24 hours. If a day is divided into parts, it has four parts- morning, afternoon, evening and night. Among these parts, dawn or daybreak is the best time of the day.

At dawn the eastern sky is red. Soon this colour cracks and turns into bright rays. The sun rises, sending its golden rays to wake the whole world. The breeze is blowing gently to tease the leaves of the trees. Most of the people are still sleeping at that time. However, some workers and boiled pea hawkers go out to do their respective jobs. Monks and novices get ready to worship Lord Buddha. Some women get up to cook meals. At dawn, everything is quiet except for the rustling of leaves. The birds wake up and twitter. Monks and old women strike the triangular gongs to share their merit after playing homage to Lord Buddha. Some street hawkers shout the names of prod-

mgyoe.com

mgyoe.com

ucts they are selling. Some farmers drive their squeaky bullockcarts to the farms. In cities, some buses begin to go on the road to take early morning passengers.

At dawn, the air is very fresh. So it is the best time to go for a walk. As the traffics is not so busy, it is also good to go walking at dawn. For religious people, it is the best time to sit in meditation or recite Buddhist scriptures. For students, dawn is the best time to study their lessons as it is quiet. For workers, it is the best time to start a day's work as the weather is cool. All in all, dawn is the best time of the day.

## Glossary

divide - ခွဲခြားထားသည်
dawn - အရုဏ်ဦး
street hawker - ခေါင်းရွက်ဗျပ်ထိုးဈေးသည်
respective - သက်ဆိုင်ရာ၊ အသီးသီးအသက
twitter - (ငှက်) ကျီကျီကျာကျာမြည်သည်
monk - ဘုန်းတော်ကြီး
novice - ကိုရင်
share - မျှဝေသည်
merit - ကုသိုလ်
sit in mediation - တရားထိုင်သည်
scripture - တရားစာ

ㅁ

mgyoe.com

mgyoe.com

## လရောင်ဆမ်းသောည

- လရောင်ဆမ်းသော လပြည့်ည
- လမင်းကြီးနှင့် ကောင်းကင်မြင်ကွင်း
- ဩကာသလောကနှင့် ပတ်ဝန်းကျင် မြင်ကွင်းအလှ
- စိတ်ကြည်နူးဖွယ် သာယာနေပုံအလှ
- လသာသာ၌ ကလေးများ ပျော်ရွှင်စွာ ကစားနေကြပုံ
- ထူးခြားသော ခံစားမှုများ

# လရောင်ဆမ်းသောည

ကမ္ဘာလောကကြီးတွင် နေ့နှင့်ညဟူ၍ သဘာဝတရားကြီးက ဖန်တီးပေးထားသည်။ နေ့တွင် နေရောင်ကို မိုးရာသီ တိမ်ထူသောနေ့များနှင့် အခြားတိမ်ထူသောနေ့တို့မှလွဲ၍ မြင်တွေ့ကြရသော်လည်း လရောင်ကိုမူ ညစဉ် မြင်တွေ့ခွင့်မရကြပေ။ လရောင်ကို မြင်တွေ့ခံစားရသော နေ့ရက်များမှာ တစ်လတွင် တစ်ပတ်ခန့်သာရှိပြီး ကျန်ရက်များတွင် လကို မြင်ရုံသာ မြင်ကြရပြီး လရောင်ကို မခံစားကြရပေ။ ထို့ကြောင့် လူအများသည် ရွှေလသာသောညများကို မျှော်လင့်ကြသကဲ့သို့ လသာသောညများတွင် ပျော်ရွှင်မြူးထူးကြခြင်း ဖြစ်ပါသည်။

သဘာဝတရားကြီး၏ ဖန်တီးမှုအရ မြန်မာလများ သတ်မှတ်ချက်တွင် လဆန်းရက်များနှင့် လဆုတ်ရက်များရှိရာ မြန်မာလဆန်း ၁ ရက်မှ ၁၄

mgyoe.com

mgyoe.com

ရက်အထိ ရက်များတွင် လသည် ခပ်ကွေးကွေး ကိုင်းသဏ္ဌာန်မှ စက်ဝိုင်းပုံသဏ္ဌာန် ရောက်လုနီးနီး တဖြည်းဖြည်း ပြည့်လာပြီး လပြည့်ရက်တွင် ဝိုင်းစက်စက် လမင်းကြီးကို ကြည်နူးဖွယ် တွေ့ရှိရပေသည်။ ထို့နောက် လပြည့်ကျော် တစ်ရက် (သို့) လဆုတ် တစ်ရက်နေ့တွင် လပြည့်နေ့ကဲ့သို့ပင် စက်ဝိုင်းပုံသဏ္ဌာန် ရှိနေသော လမင်းကြီးသည် တဖြည်းဖြည်း စက်ဝိုင်းပုံသဏ္ဌာန်မှ လျော့လာပြန်ရာ လဆုတ် ၁၄ ရက်နှင့် လကွယ်နေ့များတွင် လုံးဝ မမြင်ရတော့ပေ။ ဤသို့ ဆန်းကြယ်စွာထွက်ပေါ်လာသော လပြည့်ရက်ဝန်းကျင်၌ ရွှေလသာသော ညများကို လူသားအားလုံးက စောင့်မျှော်လျက် ရှိကြသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဟူ၍ ရာသီသုံးမျိုးရှိရာ ထိုရာသီသုံးမျိုးတွင် မြင်တွေ့ရသော ရွှေလသာသည့်ညများကို ခံစားကြရပုံခြင်းမှာ မတူညီပေ။ နွေရာသီ၏အပူဒဏ်ကို သက်သာမှုရစေရန် နေကြရင်း လရောင်ခြည်၏ အေးမြသာယာမှုကို ခံစားကြသည်။ မိုးရာသီတွင်မူ လသာသောရက်များတွင် တိမ်စိုင်တိမ်ခဲများ ပြေးလွှားနေသည့်ကြားမှ ရွှန်းလက်တောက်ပသော လမင်းကြီးကို တစ်ခါတစ်ရံ မြင်တွေ့ရသကဲ့သို့ မိုးတိမ်ကင်းစင်သော ညများတွင်မူ လောကတစ်ခွင်ကို အလင်းဆောင်နေသည့် လမင်းကြီးကို မြင်တွေ့ရတတ်ပေသည်။ ဆောင်းရာသီတွင်မူ မြူနှင်းများကျနေသည့် ဆောင်းညများ၏ အအေးဒဏ်ကို မီးလှုံကာ ဖြေဖျောက်ရင်း ရွှေလသာသော ညများကို ခံစားကြရသည်။ ထို့ကြောင့် မည်သို့သော အခါရာသီဖြစ်စေကာမူ ရွှေလသာသောညများကို လူအများက နှစ်သက်စွာဖြင့် စောင့်မျှော်နေကြမြဲ ဖြစ်လေသည်။

ရွှေလသာသောညများတွင် ကလေးငယ်များအား လမင်းကြီးကို ပြကာ ချော့မြူလေ့ရှိကြသည်။ "ဖိုးလမင်းရယ် ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးလှည့်ပါ" ဟူသော ကလေးငယ်များအား ချော့မြူသည့်စကား၊ "ရွှေလမှာ ယုန်ဝပ်လို့၊ ဆန်ဖွပ်သည့် အဘိုးအို၊ ဟော...ကြည့်ပါဆို၊ ဆိုသာဆို၊ ပိုမိုသည့်စကား၊ ကလေးအငိုတိတ်အောင်၊ အရိပ်အယောင်ပြတယ်၊ ဖိုးလနတ်သား"ဟူ၍ ရွတ်ဆိုကြသော ကလေးကဗျာ စသည်တို့မှာ လသာသောညများတွင် လမင်းကြီးကို ပြ၍ ပြောဆိုလေ့ရှိကြသည်။ ကျွန်ုပ်တို့ ငယ်စဉ်က ရွတ်ဆိုခဲ့ရသော ထိုကဗျာလေးထဲမှာ လမင်းကြီးထဲတွင် မြင်တွေ့ရသည့် ယုန်ကလေးနှင့် အဘိုးအိုတို့မှာ လကမ္ဘာပေါ်ရှိ တောင်များ၏အရိပ်များဖြစ်ကြောင်း သိပ္ပံဘာသာရပ်တွင် သင်ကြားသောအခါ သဘာဝတရားကြီး၏ လျှို့ဝှက်ဆန်းကြယ်မှုနှင့် လူသားတို့၏

mgyoe.com

mgyee.com


အစွမ်းသတ္တိ များကို အံ့သြဖွယ် သိရှိလာရပေသည်။ လပြည့်၊ လကွယ်ရက်များနှင့် ဒီရေ အတက်အကျ ဆက်စပ်မှုရှိပုံ၊ လကမ္ဘာပေါ်သို့ လူများရောက်ရှိကာ စူးစမ်းလေ့လာကြပုံများကို သိလာရသောအခါ လပြည့်ညများတွင် လမင်းကြီးကို ကြည့်၍ လပေါ်သို့ တက်ရောက်စူးစမ်းလိုစိတ်များ ဖြစ်ပေါ်ခံစားမိသည်။

ရွှေလသာသောညများတွင် ကလေးသူငယ်များသည် လရောင်အောက်တွင် ပျော်ရွှင်မြူးထူးစွာ ဆော့ကစားနိုင်ကြသည်မှာ ရှေးယခင်ကာလများမှ ယနေ့ခေတ်တိုင်အောင် မရိုးနိုင်သောဓလေ့ပင် ဖြစ်သည်။ အထူးသဖြင့် ကျေးလက်တောရွာများတွင် လျှပ်စစ်မီးရောင် မရှိသောအခါ ရွှေလသာသောညများသည် အလွန်ပျော်ရွှင်ဖွယ် ကောင်းလှပေသည်။ တစ်ခါတစ်ရံ ဆောင်းရာသီလသာသောညတွင် မြေပဲ၊ ပြောင်းဖူး၊ ထန်းမြစ် စသည်တို့ကို မီးလှုံရင်း မီးဖုတ်စားကြသကဲ့သို့ ကောက်ညှင်းပေါ်သောအချိန်များတွင် မုန့်ဆန်းထောင်းစားကြရသည်မှာ အလွန်ပျော်စရာ ကောင်းလှသည်။

ရှေးယခင် ကျေးလက်ဒေသများတွင် လသာသောညများ၌ ရပ်ရေးရွာရေးကိစ္စများကို ဝိုင်းဖွဲ့ ဆွေးနွေးခြင်း၊ လူကြီးများက လူငယ်များ၊ ကလေးများကို ဗဟုသုတဖြစ်စဖွယ် ပုံဝတ္ထုများ၊ အဖြစ်အပျက်များကို ပြောပြခြင်း၊ မိမိတို့၏ အိမ်မှုကိစ္စများကို လရောင်အောက်တွင် လုပ်ကိုင်ခြင်း စသည့်ဓလေ့များ ရှိခဲ့သည်။ ထို့ကြောင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်အတွက် "လသာတုန်းဗိုင်းငင်" ဟူသော ဆိုရိုးစကားများ ပေါ်ထွက်လာရပေသည်။

လပြည့်ညများကို ကြည့်ရှုခံစားရင်း ပျော်ရွှင်ကြည်နူးဖွယ်၊ လွမ်းဆွေးတမ်းတဖွယ် တေးသီချင်းများကိုလည်း အနုပညာရှင်များက ဖန်တီးရေးဖွဲ့ကြသည်။ ရွှေလသာသောညများ၏ သာယာမှုကို အခြေခံကာ လူတို့၏ စိတ်တွင်းမှ ဖြစ်ပေါ်ခံစားနေရသော ပျော်ရွှင်ကြည်နူး လွမ်းဆွေးတမ်းတမှုတို့ကို ရေးဖွဲ့စပ်ဆိုထားခြင်းဖြစ်ရာ ခံစားချက် ကိုက်ညီသူများအတွက် ရွှေလသာသော ညများတွင် ထိုသီချင်းများကို ဖြေဖျောက်ကြရသည်မှာလည်း မရိုးနိုင်သော အစဉ်အလာအဖြစ် မြင်တွေ့နိုင်ကြပေသည်။

တစ်ခါတစ်ရံ လသာသောညများနှင့် မိမိခရီးသွားသည့် နေ့ရက်များတွင် ကြုံကြိုက်ပါက ပတ်ဝန်းကျင်ရှုခင်းများကို လရောင်အောက်တွင် မြင်တွေ့ခံစားရင်း အလွန်ကြည်နူးဖွယ် ကောင်းလှပေသည်။ ကုန်းလမ်းခရီးဖြင့် သွားပါက လမ်းဘေး ဝဲယာရှိ မြင်ကွင်းများမှာ လရောင်အောက်တွင် ငွေရောင်လွှမ်းသော

mgyee.com

mgyoe.com


ညချမ်းပန်းချီကဲ့သို့ ကြည့်ရှုမဝနိုင်အောင် မြင်တွေ့ခံစားရပေသည်။ ရေလမ်းခရီးဖြင့် သွားပါမူ မြစ်ကမ်းဘေးရှိ မြင်ကွင်းများသာမက အဝေးရှိ ရေပြင်ထက်တွင် တလက်လက်ထနေသော လှိုင်းကြက်ခွပ်များမှာ လ၏ ရောင်ပြန်ဟပ်မှုများကိုလည်း မြင်တွေ့ခံစားနိုင်ပေသည်။ ထို့ကြောင့် ခရီးသွားလာရင်း ရွှေလသာသော ညများကိုလည်း လူအများက မျှော်လင့်တောင့်တကြခြင်း ဖြစ်သည်။

ထို့ကြောင့် ကမ္ဘာလောကကြီးရှိ ကလေးသူငယ်များကအစ လူကြီးများပါ မကျန် ကျားမ မရွေး ရွှေလသာသောညများကို နှစ်သက်ကြည်နူးကြသည်။ မျှော်လင့်တောင့်တကြသည်။ လသာသောညများသည် အသက်အရွယ်ကြီးငယ် မဟူ မည်သူ့ကိုမဆို စိတ်ချမ်းမြေ့ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်သောကြောင့် ကျွန်ုပ်၏ဘဝတွင် ကြုံတွေ့ခဲ့ရပြီဖြစ်သော ရွှေလသာသည့် ညများကို ပြန်လည်တမ်းတရင်းဖြင့် ကြုံတွေ့ကြရဦးမည်ဖြစ်သည့် ရွှေလသာသည့်ညများကို စောင့်မျှော်ရင်း နေကြရဦးမည် ဖြစ်သည်။

*

mgyoe.com

mgyoe.com

## A Beautiful Moon-Lit Night

I visited Ngwesaung beach last summer. All the other members in our group went to bed as they all were very tired from riding the bus all the night and playing in the sea all the day. I could not sleep well because I ate a lot of pickled tea in the evening. So I got up and went out for a walk on the beach. I thought it was nearly midnight. Before long, all the lights went out because at that time power supply was provided by running a generator and it was switched off at 12 o'clock every night.

I was strolling on the beach. After a while, I sat down on a take a rest. Perhaps I was thinking about this and that. Soon I noticed that there was a full moon in the sky. It was shining brilliantly and the moobbeams were flooding the world. The whole neighbourhood was bathed in the soft pleasant moonlight. For a city dweller like me, it was a spectacular sight. Its was like a dreamy painting. Basking in the romantic scene, I got up and strolled again. As I was walking in the moonlight, I found everything beautiful. The moonlight seemed to make everything look beautiful. I also saw a couple chatting on the bench.

mgyoe.com

mgyoe.com

I also heard the leaves rustling in the gentle breeze. The waves were breaking against the shore. The young people at the bonfire were singing and playing the guitars. I also heard a cook crow from the nearby village. Some dogs were barking. After walking for half an hour, my legs felt tired and I was sleepy. So I returned to my bungalow and went to sleep with a thought that I would never forget such a beautiful moonlit night.

## Glossary

pickled tea - လက်ဖက်
generator - မီးစက်
stroll - အေးအေးလူလူ လမ်းလျှောက်သည်
moonbeam - လရောင်
flood - လွှမ်းခြုံပျံ့နှံ့သည်
bathed in - ဖုံးလွှမ်းထားသော
city dweller - မြို့ကြီးသား
spectacular - ထူးခြားသော
bask in - နှစ်သက်ခံစားသည်
couple - စုံတွဲ
chat - စကားစမြည်ပြောသည်
rustle - သစ်ရွက်ချင်း ပွတ်တိုက်သံ
bonfire - မီးပုံပွဲ
crow - ကြက်တွန်သည်

□

mgyoe.com

mgyoe.com

**မြူနှင်းဝေယံစို လပြာသို**

- တစ်ဆယ့်နှစ်ရာသီအနက် ပြာသိုလ၏ သင်္ကေတများ
- ပြာသိုလ၏မြင်ကွင်း
- သစ်ပင်ပန်းမန် တောတောင်တို့၏ နှင်းဆမ်းသော အလှ
- မှတ်သားဖွယ်ရာ စာပေအဖွဲ့များ
- မိမိခံစားမှု

## မြူနှင်းဝေယံစို လပြာသို

မြန်မာနိုင်ငံတွင် ရာသီဥတု ၃ မျိုးရှိပြီး လရာသီမှာ ၁၂ လရာသီဖြစ်သည်။ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း ဟူ၍ တစ်ဆယ့်နှစ်လ ရှိသည့်အနက် ပြာသိုလသည် ဆောင်းရာသီတွင် ပါဝင်ပါသည်။ ထို့ပြင် ပြာသိုလသည် မြန်မာလူမျိုးတို့၏ "အမေနေ့" ကျင်းပသော လဖြစ်၍ အထွတ်အမြတ်ထားရာ လတစ်လ ဖြစ်သည်။ ပြာသိုလသည် ရာသီအားဖြင့် မကာရရာသီဖြစ်ပြီး ရာသီရုပ်မှာ မကန်းရုပ်(ဆိတ်ပုံ) ဖြစ်သည်။ ရာသီပန်းမှာ ခွာညိုပန်းဖြစ်၍ ရာသီပွဲမှာ မြင်းခင်းသဘင်ပွဲ ဖြစ်သည်။ "မြူနှင်းဝေယံစို လပြာသို" ဟု ခေါ်ရိုးရှိသည့်အတိုင်း ပြာသိုလသည် ဆောင်းရာသီ၏ အေးမြဆုံး အချိန်ဖြစ်ကာ နှင်းမှုန်များစိုရွှဲအောင် ကျဆင်းသောလ ဖြစ်သည်။ ထို့ကြောင့် မြူနှင်းတို့သည်လည်း ပြာသိုလ၏ သင်္ကေတများတွင် ပါဝင်သော သင်္ကေတ တစ်ခုပင်ဖြစ်ပါသည်။

mgyoe.com

mgyoe.com

ပြာသိုလသည် ဆောင်းလယ်ရာသီဖြစ်၍ အအေးချမ်းဆုံး လတစ်လ ဖြစ်သည်။ ပြာသိုလသို့ရောက်လာလျှင် နေ့တာတို၍ ညတာရှည်လွန်းသဖြင့် အချမ်းအအေးဒဏ်ကို အချိန်ကာလကြာရှည်စွာ ခံစားရသော လတစ်လပင် ဖြစ်သည်။ ပြာသိုဆောင်းလလယ်၏ နံနက်ခင်းများတွင် မြူနှင်းတို့ ထူထပ်စွာ ကျဆင်းသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းမှုန်တို့ဖြင့် ရစ်ဆိုင်းအုံ့မှိုင်း နေတတ်သည်။ မြူနှင်းများ သိပ်သည်းထူထပ်စွာ ကျဆင်းမှုကြောင့် ကြည့်လေ ရာရာ မြင်ကွင်းများမှာ ကြည်လင်ပြတ်သားမှုမရှိဘဲ မှုန်ဝါးဝါးဖြစ်နေပြီး သဲသဲ ကွဲကွဲ မမြင်ရချေ။ မြူနှင်းမှုန်များနှင့်အတူ ဆောင်းလေကြမ်းများဖြစ်သော မြောက်လေကလည်း တသုန်သုန်တိုက်ခတ်နေသဖြင့် အချမ်းအအေးတို့မှာ လျော့သွားသည် မရှိဘဲ ပို၍ပို၍ အေးနေသည်။ ထို့ပြင် "လေလည်းရောရာ၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်" ဟူသော လက်ဝဲသုန္ဒရအမတ်ကြီး၏ ကဗျာအတိုင်း မြူနှင်းတို့ ထူထပ်သိပ်သည်းလွန်းသောကြောင့် နှင်းရည်နှင်းစက်တို့သည် မိုးစက်များ ရွာသွန်း သကဲ့သို့ တဖြောက်ဖြောက်မြည်အောင် ကျဆင်းနေကြသည်။ ထိုအချိန်တွင် နေမင်းသည်လည်း ရောင်ဝါမထွန်းရှာနိုင်သဖြင့် အချမ်းအအေးဒဏ်တို့သည် မင်းမူချင်တိုင်း မင်းမူနေတော့သည်။

ပြာသိုဆောင်းလရာသီတွင် ချမ်းအေးလွန်းသောကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ကာ ဆီးနှင်းပေါက်များ ကျဆင်းသည့် အသံများကိုသာ "တပေါက်ပေါက်" ကြားနေရသည်။ လူအများမှာလည်း အအေးအချမ်းဒဏ် ကြောင့် မိမိတို့နေအိမ်တိုက်တာအတွင်း၌သာ နေထိုင်ကြသဖြင့် လမ်းများပေါ်တွင် လူသူကင်းမဲ့ တိတ်ဆိတ်ခြောက်ကပ်လျက်ရှိသည်။ ရေတွင်းရေကန်နှင့် မြစ်ချောင်း များတွင်လည်း အအေးဒဏ်ကြောင့် အခိုးအငွေ့များ တထောင်းထောင်းထလျက် ရှိသည်။ မြစ်ချောင်းများအတွင်း၌လည်း ရေခိုးရေငွေ့များနှင့် မြူနှင်းများ ရောနှော သဖြင့် မြစ်ရေပြင် ချောင်းရေပြင်တို့မှာ ငြိမ်သက်လျက်ရှိသည်။ တစ်ခါတစ်ရံ မြစ်ရေပြင်အပေါ်၌ စင်ရော်ငှက်တို့ အစာ ရှာရန် ပျံဝဲနေကြသည်ကိုသာ မြင်တွေ့ နေရသည်။ မြစ်ကမ်းစပ်သဲသောင်များပေါ်တွင် ဆောင်းခိုငှက်များ စုံလင်စွာ နားခိုနေကြပြီး ဟင်္သာမောင်နှံတို့သည် တစ်ကောင်နှင့်တစ်ကောင် ပူးကပ်လျက် နွေးထွေးအောင် ပြုလုပ်နေကြသည်မှာ မြင်ရသူအပေါင်း ကြည်နူးချမ်းမြေ့ဖွယ် ကောင်းလှသည်။

mgyoe.com

mgyoe.com


ပြာသိုဆောင်းလရာသီတွင် နှင်းရည်နှင်းစက်တို့ ဖြိုင်ဖြိုင်ဆိုင်ဆိုင် တဖွဲဖွဲ ကျဆင်းလာလျက် မြက်ခင်းပြင်များမှာ "မြစိမ်းရောင် ကော်ဇောကြီး" ခင်းထားသည့်အလား စိမ်းစိုသော အရောင်အသွေးတို့ဖြင့် လှပလျက်ရှိကြသည်။ မြက်ခင်းပြင်ပေါ်တွင်လည်း နှင်းရည်နှင်းစက်တို့ တင်ကျန်လျက်ရှိကာ မြက်ပင်တို့သည် နှင်းရည်နှင်းစက်တို့ကို သောက်သုံးလျက်ရှိကြသည်။ "နွယ်ပင်ခွာညို၊ ပွင့်ပေလို၊ ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်"ဟူသော ကဗျာလေးအတိုင်းပင်ပြာသိုလ၏ သင်္ကေတပန်းများဖြစ်သော ဂမုန်းပန်းအနွယ်ဝင် ခွာညိုပန်းများသည် လန်းလန်း ဆန်းဆန်း ပွင့်လန်းလျက်ရှိကြသည်။ ထို့ပြင် ဆောင်းသခင်ဖြစ်သော တော်ဝင်သဇင်ပန်းတို့သည်လည်း ဆောင်းရာသီ၏အရိပ်ကို ခိုလှုံ၍ နှင်းရည်နှင်းစက်တို့ သောက်သုံး၍ ယဉ်ကျေးပျူငှာစွာ ပွင့်လန်းလျက်ရှိကြသည်။ ထိုသို့ ဆောင်းသဇင်များ ပွင့်လန်းကြပုံကို ကုန်းဘောင်ခေတ်စာဆို ဦးတိုးက "စိမ့်ကြီး မြိုင်ကြီး၊ ရိပ်ကြီး တောတောင်၊ နေရောင်မခံ၊ ပန်းပျံပင်ဆင့်၊ မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး၊ နွေလသန်ပေါက်၊ ယဉ်ချိန်ရောက်ခါမှ နှင်းသောက် ကယ်ရွှင်ရွှင်၊ ပွင့်ဖူးတွေ ဆင်ကြသည်" ဟူ၍ မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် ဂမုန်းပန်းအနွယ်ဝင် သစ်ခွပန်းများကလည်း အရောင်အသွေး စုံလင်စွာဖြင့် ဆောင်းရာသီ၏အရိပ်ကို ခိုလှုံ၍ ပေါက်ရောက် ပွင့်လန်းလျက်ရှိသဖြင့် ပြာသိုဆောင်းလသည် ပန်းပေါင်းစုံ ပွင့်လန်းလျက်ရှိသော လတစ်လပင် ဖြစ်ပါသည်။

ပြာသိုဆောင်းလရာသီတွင် တောတောင်တစ်ခုလုံး မြူနှင်းမြူခိုးများ အောက်ခြေပိုင်းနှင့် အထက်ပိုင်းတို့တွင် ရစ်ဆိုင်းအုံ့မှိုင်းနေကြသည်။ ဆောင်းလေကြမ်းဖြစ်သော မြောက်ပြန်လေတို့ ဝှေ့ယမ်းတိုက်ခတ်မှုကြောင့် မြူနှင်းတို့ ပျံ့နှံ့နေပြီး တစ်တောလုံး၊ တစ်တောင်လုံး ရစ်ဆိုင်းအုံ့မှိုင်းနေတော့သည်။ ထိုသို့ မြူခိုးများ ရစ်ဆိုင်းနေသည်ကို မဲဇာအရပ်တွင် ကိုယ်တိုင် တွေ့ကြုံခဲ့ရသော လက်ဝဲသုန္ဒရအမတ်ကြီးက "တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယှက်၍၊ ဝန်းကာဝေးသည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်" ဟူ၍ မှတ်တမ်းတင်ခဲ့သည်။ ပြာသိုဆောင်းလ၏ အအေးဓာတ်နှင့် နှင်းစက်များ ကျဆင်းမှုကြောင့် ပတ်ဝန်းကျင် တောတောင်အတွင်းရှိ သစ်ပင်ပန်းပင်တို့သည် နှင်းရည်နှင်းစက်တို့ကို သောက်သုံး၍ စိမ်းလန်းစိုပြည်လျက် ရှိကြသည်။ ပြာသိုဆောင်းလတွင် မြူနှင်းတို့ ကျဆင်းမှုကြောင့် သစ်ပင်ပန်းပင်များအားလုံး နှင်းရည်နှင်းစက်တို့

mgyoe.com

mgyoe.com


စိုရွှဲနေကြသဖြင့် သစ်ပင်ပန်းမန်တို့၏ နှင်းဆမ်းသောအလှမှာ အခြားသော ရာသီများတွင် မရှိနိုင်သောအလှများပင် ဖြစ်ပေသည်။

မြူနှင်းများ စိုရွှဲနေသော ပြာသိုလသို့ ရောက်လျှင် နှင်းမှုန်ကလေးများ တဖွဲဖွဲကျဆင်းနေပြီး မြောက်ပြန်လေ ဆောင်းလေကြမ်းများ ပြင်းထန်စွာ တိုက်ခတ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး အအေးဓာတ်က လွှမ်းခြုံလျက်ရှိရာ ချမ်းပုံမှာ ကမ်းကုန်လျက် ရှိနေသည်။ ထိုသို့သော အချမ်းအအေးဒဏ်ကို ခံစားရသောအခါ ကုန်းဘောင်ခေတ်စာဆို အချုပ်တန်းဆရာဖေ၏ "ငွေနှင်းငယ် မှုန်၊ လေညင်းရယ် တသုန်သုန်နှင့်၊ ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့၊ မန်းတုန် အောင် လမ်းဆုံက ဟစ်ချင်တော့" ဟူသည့် ကဗျာအဖွဲ့လေးကို သတိရမိသည်။ ထို့ပြင် ပြာသိုဆောင်းလှနှင့် ပတ်သက်၍ မှတ်သားမိသော အခြားကဗျာအဖွဲ့ ကလေးတစ်ခုမှာ ကင်းဝန်မင်းကြီးရေးသော "ပြာသိုမကာရ၊ ကြယ်ဖုသျှ၊ ယှဉ် တတ္တူနှစ်ဖော်၊ ခွာညို့နွယ်ရင်း၊ ဝတ်မှုံကင်း၊ မြင်းခင်းသဘင်တော်" ဟူသည့် ကဗျာအဖွဲ့လေးပင် ဖြစ်ပါသည်။ ထို့ပြင် ပြာသိုဆောင်းလနှင့် ဆက်စပ်နေသော "ရှစ်ခွင်မှာ မြူဆင်းလို့၊ ငွေနှင်းတဲ့ နုစို၊ ဂမုန်းသဇင်တို့၊ စုံခွင်မှာ လေချိုညင်းက၊ သုတ်သွင်း ဘယ်ညာနံ့၊ သင်းပျံ့ပျံ့ချို" ဟူသော စာဆိုတစ်ဦး၏ ကဗျာအဖွဲ့ လေးကိုလည်း မှတ်သားထားမိပါသည်။ ထိုသို့ ပညာရှိစာဆိုတို့ မှတ်တမ်းတင် ခဲ့ကြသည့်အတိုင်းပင် ပြာသိုဆောင်းလသည် အချမ်းအအေးတွင် ကမ်းကုန် အောင် ချမ်းအေးလျက် ရှိနေပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြာသိုဆောင်းလသည် မြူနှင်းများ ထူထပ်စွာ ကျဆင်းတတ်သဖြင့် "မြူနှင်းငယ်စို လပြာသို"ဟု စာဖွဲ့ရလောက်အောင် နှင်းရည် နှင်းစက်တို့ စိုရွှဲသောလရာသီပင် ဖြစ်သည်။ ပြာသိုလသည် ဆောင်းလလယ် ဖြစ်ပြီး နေ့တာတိုပြီး ညတာရှည်လွန်းသော လရာသီလည်း ဖြစ်ပေသည်။ ထို့ကြောင့် ပြာသိုလသည် ဆောင်းရာသီများအနက် ချမ်းအေးမှုဒဏ်ကို အချိန် အကြာဆုံး ခံစားရသောလ ဖြစ်ပေသည်။ ထို့ပြင် ဆောင်းရာသီပန်းများ ပွင့်လန်း ကြသဖြင့် ပန်းရနံ့တို့ဖြင့် မွှေးထုံနေသောလ ဖြစ်ပေသည်။ သို့ဖြင့်၍ ဆောင်း လလယ် ပြာသိုလသည် မြူနှင်းများစိုရွှဲကာ အေးချမ်းလှသည့်အပြင် ပန်းရနံ့ တို့ဖြင့် ကြိုင်လှိုင်နေသည့်အတွက် လူအပေါင်းတို့အား အေးချမ်းသာယာမှုကို ပေးသော လမြတ်တစ်လဟု ဆိုချင်ပါတော့သည်။

*

mgyoe.com

mgyoe.com

## The Best Month of the Year

Generally, there are 30 days in a month. However, some months has 31 days. February usually has 28 days. If it is a leap year, February has 29 days. A year is made up of twelve months. Of all these months I like December best for the following reasons. First, December is the coldest months of the year. In a hot country like Myanmar, it is a pleasure to feel cool. Most people in Myanmar like the cold weather as it makes them feel good.

Secondly, it is the month of sports and games. As December has no wetting rain nor intense heat, sports festivals are held in December. Most people do physical exercises to keep themselves warm. By taking part in sport activities a person can keep fit. When the people are healthy, the country will be strong. Only then, we can build up a modern developed nation. In December, Most pagoda festivals are held as the weather is cool and dry. Most ceremonies are also held in December. Most people go on a journey to other places for pilgrimage.

Third and last, December is an important month in the Christian religion. Christmas or Jesus Christ's Birthday is celebrated on December 25. Christians regard the

mgyoe.com

month as Sweet December. They sing Christmas carols in praise of God during the "Christmas Season". Therefore, December is the best month of the year for all the people of Myanmar.

## Glossary

intense - ပြင်းထန်သော
developed - ဖွံ့ဖြိုးတိုးတက်သော
pilgrimage - ဘုရားဖူးခရီး
regard - မှတ်ယူ၊ ယူဆသည်
carol - ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းသည့် တေးသီချင်း
in praise of - ချီးမွမ်းလျက်

❒

mgyoe.com

mgyoe.com

## လေပြန်လောင်းသည့် ဟေမန်ဆောင်း

- ဆောင်းရာသီကာလ သတ်မှတ်ပုံ
- ဆောင်း၏ သဘာဝ
- ဆောင်း၌ပွင့်သောပန်းများ
- ပွဲတော်များ
- ပတ်ဝန်းကျင် ရေမြေတောတောင် သဘာဝရှုခင်းများ
- ခံစားရမှုများ

## လေပြန်လောင်းသည့် ဟေမန်ဆောင်း

မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတု ၃ မျိုးရှိရာ ဆောင်းရာသီသည် နွေလ၊ မိုးလတို့ ကုန်ဆုံးပြီးမှ စတင်ပါသည်။ ထို့ပြင် မြန်မာပြက္ခဒိန်လရာသီတွင် ဆောင်းရာသီသည် တန်ဆောင်မုန်းလတွင် စတင်ပြီး တပို့တွဲလတွင် ကုန်ဆုံးပါသည်။ ဆောင်းရာသီ ရောက်လာပြီဆိုလျှင် ဝသန်ကာလ၏ မိုးစက်မိုးပေါက်များနေရာတွင် ဆောင်းရာသီ၏ သင်္ကေတဖြစ်သော နှင်းစက်ကလေးများက အစားထိုး ဝင်ရောက်လာကြသည်။ ပတ်ဝန်းကျင်တွင် စိုစွတ်ထိုင်းမှိုင်းနေရာက ခြောက်သွေ့ အေးမြလာကြသည်။ အနောက်တောင် မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်သို့ ဆုတ်ခွာသွားပြီး အင်မတန်အေးမြလှသည့် မြောက်ပြန်လေသည် အစားထိုး ဝင်ရောက်ပါသည်။ ဤသို့ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသော လရာသီကို ဆောင်းရာသီကာလဟု သတ်မှတ်ထားပါသည်။

mgyoe.com

mgyoe.com

ဆောင်းရာသီကာလသို့ ရောက်လာလျှင် ဆောင်း၏သဘာဝတို့သည် ကြည်နူးမဆုံးနိုင်အောင် ရှိရသည်။ ဆောင်းရာသီတွင် ဆောင်း၏သင်္ကေတဟု တင်စားရမည့် နှင်းရည်၊ နှင်းစက်၊ နှင်းမှုန်ကလေးများသည် ဆောင်းရာသီ၏ အလှကို ဖော်ကျူးနေသည့်အပြင် ဆောင်းရာသီ၏ သဘာဝတစ်ခုပင် ဖြစ်ပေသည်။ "ငွေနှင်းငယ်မှုန်၊ လေညင်းရယ် တသုန်သုန်နှင့်၊ ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့" ဟူသော အချုပ်တန်းဆရာဖေ၏ ဆောင်းရတုဖွဲ့ကဗျာလေးသည် ဆောင်းရာသီ၏ သဘာဝကို ဖော်ကျူးလှစ်ဟနေပါသည်။ ဆောင်းရာသီတွင် မြူနှင်းတို့သည် အံရပ်ရှစ်မျက်နှာ တစ်ခွင်လုံး အုံ့မှိုင်း၍နေတတ်သည်။ နှင်းမှုန်တို့သည် တဖွဲဖွဲကျဆင်းကာ တစ်လောကလုံးကို အအေးဓာတ်က လွှမ်းခြုံထားသည်။ နှင်းပွင့်ကလေးများသည် မြက်ခင်းပြင်များ၊ သစ်ရွက်ကလေးများပေါ်တွင် တွဲခိုလျက် နှင်းရည်သောက်သုံးကာ ပန်းမာလာတို့သည် လန်းဆန်းလာကြသည်။

ဆောင်းရာသီ၏အရိပ်ကို ခိုလှုံ၍ ရာသီပန်းများသည် မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်လန်းလျက် ရှိပေသည်။ ဆောင်းရာသီ၏အရိပ်ကို ခိုလှုံ၍ ပွင့်သောပန်းများ အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်သောပန်းမှာ ထီးသုံးနန်းသုံး တော်ဝင်မြတ်ပန်း ဖြစ်သည့် သဇင်ပန်းပင်ဖြစ်သည်။ သဇင်ပန်းသည် နွေလ၊ မိုးလတို့ ကုန်ဆုံးပြီးချိန် ဆောင်းရာသီရောက်ခါမှ နှင်းရည်နှင်းစက်တို့ကို သောက်သုံး၍ အခြားသစ်ပင်ကြီးများအပေါ်မှ ဆင့်၍ပေါက်သည်။ ဤသို့ သဇင်ပန်းကလေးများ ပေါက်ရောက်ပုံကို ရာမရကန် ဦးတိုးက "ပန်းပျံပင်ဆင့်၊ မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး၊ နွေလသန်ပေါက်၊ ယဉ်ချိန်ရောက်ခါမှ၊ နှင်းသောက်ကယ်ရွှင်ရွှင်၊ ပွင့်ပုရစ်ဖူးတွေ ဆင်ကြသည်"ဟု ရေးဖွဲ့ခဲ့သည်။ သဇင်ပန်းများနည်းတူ ဂမုန်းပန်း အနွယ်ဝင် သစ်ခွပန်းများသည်လည်း ဆောင်းရာသီ၏ အရိပ်ကို ခိုလှုံ၍ "ပင်ဆင့်ပန်းပျံ" ဘွဲ့ခံယူပြီး အရောင်အသွေး စုံလင်စွာဖြင့် ပွင့်လန်းလျက်ရှိကြသည်။ တန်ဆောင်မုန်းလ ရောက်သည်နှင့် ခဝဲပန်းတို့သည် ဆောင်းအဖွင့်ပန်းများ အဖြစ် ပွင့်လန်းကြသည်။ ဆောင်းလရာသီအလယ် ပြာသိုလတွင် ခွာညိုပန်းများသည် နွယ်တက် ပွင့်လန်း ကြသည်။ ဆောင်းရာသီ ကုန်ဆုံးခါနီး တပို့တွဲလတွင် ပေါက်ပန်း၊ လဲပန်း၊ ဆူးပန်းတို့သည် ဝွားဝွားစွင့်စွင့် ပွင့်လန်းကာ ဆောင်းရာသီ၏ အလှကို ဖော်ကျူးနေကြပေသည်။

ဆောင်းရာသီအစ တန်ဆောင်မုန်းလသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ အထွတ်အမြတ်ထားကာ ကျင်းပသော ကထိန်ပွဲသဘင် ပြုလုပ်သည့်လ ဖြစ်

mgyoe.com

mgyoe.com


သည်။ တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ဘုံကထိန်ပွဲများ ကျင်းပကြသည်။ ထိုသို့ ကျင်းပကြပုံကို "တန်ဆောင်မုန်း ဗြိဿာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရေအိမ်ပိုင်လည်စိုး" ဟူ၍ နန်းတွင်းစာဆို ကင်းဝန်မင်းကြီးက ရေးဖွဲ့ခဲ့ပါသည်။ ဆောင်းရာသီကာလ နတ်တော်လတွင် စာဆိုတော်ပွဲများ ခမ်းနားစည်ကားစွာ ကျင်းပကြပါသည်။ ဆောင်းရာသီအလယ် ပြာသိုလတွင် မြင်းခင်းသဘင်ပွဲများ ကျင်းပကြသည်။ ရှေးမြန်မာမင်းများလက်ထက်က မြင်းခင်းသဘင်ပွဲတွင် ဆင်ရေး၊ မြင်းရေး၊ ဓားရေး၊ လှံရေး၊ ကာရေးပြိုင်ပွဲများ ပါဝင်ကြသည်။ ဆင်ထိန်းကြီးများက တိုက်ဆင်ကြီးကို စီး၍ မြင်းစစ်သည်တော်များက ဝန်းရံကာ ခြေလျင်စစ်သည်တော်တို့သည် ဓား၊ လှံ၊ ချွန်း လက်နက်တို့ကို ကိုင်ဆောင်၍ ကာကွယ်ဟန်၊ တွန်းတက်တိုက်ခိုက်ဟန်ဖြင့် စစ်ရေးပြကြသည်။ ထိုသို့ မြင်းခင်းသဘင်တွင် စစ်ရေးပြကြပုံကို ငါးစီးရှင်ကျော်စွာက "ယရည်သွန်းသွန်း မြင်းသည်ဝန်း၊ လှံချွန်း တွန်းတက်ပယ်၊ တွန်းတက်ပယ်" ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။ ဆောင်းလရာသီ ကုန်ဆုံးခါနီး နောက်ဆုံးလဖြစ်သော တပို့တွဲလတွင် ရိုးရာထမနဲပွဲများကို အိုးစည်ဒိုးပတ်တို့ဖြင့် တပျော်တပါး ဆင်နွှဲကြသည်။

ဆောင်းရာသီရောက်လာလျှင် ပတ်ဝန်းကျင် ရေမြေတောတောင် သဘာဝရှုခင်းတို့သည် အလွန်ကြည်နူးဖွယ်ကောင်းလှသည်။ မြစ်ချောင်းတို့၏ ရေပြင်အထက်တွင် ရေငွေ့များက ထောင်းထောင်းထကာ မြူနှင်းတို့ကလည်း အုံ့ဆိုင်းနေသဖြင့် မှိုင်းမှိုင်းပျပျ ဖြစ်နေသည်။ ရေလယ်နှင့် ကမ်းစပ်တွင် သဲသောင်များ ပေါ်ထွန်းစ ပြုနေပြီး ထိုသဲသောင်များတွင် ရေတွင်ကျက်စားသော ငှက်များက မြူးထူးနေကြသည်။ လယ်ကွင်းများတွင် ရွှေရောင်စပါးခင်းများက လွှမ်းခြုံထားသည်။ တောတောင်ပတ်ဝန်းကျင် တစ်ခွင်တွင် မြူခိုးများ အုံ့ဆိုင်းကာ မြူနှင်းမှုန်များ ကျဆင်းနေကြသည်။ သစ်ပင်ပန်းပင်တို့တွင် နှင်းရည်နှင်းစက်များ တွဲခိုကာ စိမ်းလန်းနေကြသည်။ ပတ်ဝန်းကျင် တစ်ခုလုံး အအေးဓာတ်များ လွှမ်းခြုံထားသည့်အပြင် မြောက်ပြန်လေညင်းကလည်း ပို၍အေးချမ်းအောင် ဖန်တီးနေပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဆောင်းလရာသီသည် အလွန်အေးချမ်းလှပြီး ခြောက်ခြောက်သွေ့သွေ့နှင့် ပွင့်လင်းရာသီဖြစ်သောကြောင့် နေချင့်စဖွယ်ကောင်းလှသည်။ ထို့ပြင် ဆောင်းလရာသီသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏

mgyoe.com

mgyoe.com


ဒါနကုသိုလ်အလှူပွဲများ ကျင်းပကြသောရာသီ ဖြစ်သည်။ ပတ်ဝန်းကျင် တောတောင် တစ်ခွင်လုံး သာသာယာယာရှိသောကြောင့် ပျော်ရွှင်ကြည်နူးဖွယ်၊ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းဖွယ် ကောင်းလှပါသည်။ ထို့ကြောင့် ဆောင်းရာသီသည် အေးချမ်းမှုကို ပေးသော၊ နှလုံးစိတ်ဝမ်း ချမ်းမြေ့ဖွယ်ကောင်းသော ရာသီပင် ဖြစ်ပါတော့သည်။

*

mgyoe.com

mgyoe.com

## The Most Pleasant Season of the Year

A season is a period with a particular weather condition that is hot, cold, snowy or rainy. In most countries in the world, there are four kinds of season. They are spring, summer, autumn and winter. Unlike the western countries. Myanmar has three kinds of season, namely summer or the hot season, monsoon or the rainy season and winter or the cold season. Summer is a period between March and June. A rainy season starts in July and ends in October. Winter lasts from November to February. Among these seasons in Myanmar, winter is the most pleasant season of the year as it has charming qualities.

In Myanmar winter lasts four months from November to February. Unlike the winter in the western countries, Myanmar winter is pleasantly cool. On some mornings, it is misty. The leaves of the plants and trees are wet with dew. There are little drops of water or dew on grass and stones in the early morning. There is no snow in

mgyoe.com

mgyoe.com


Myanmar except for the snow- capped mountains in the northern most part of Myanmar. It is nice to go for a walk on winter mornings. So, people get up early in the morning and go for a walk in winter. Moreover, there are various kinds of sports activities in winter. In Myanmar, December is set as a sports month. Sports competitions are held. In winter it is fascinating to look at the scenery covered with mist.

In Myanmar, winter is the most pleasant season because there is no intense heat or wetting rain. Winter is also the harvest time for the farmers who live mostly in the countryside. After the harvest, they enjoy the fruits of their yearlong labour. Now that the weather is pleasant and they have ready-cash, the farmers hold some ceremonies such as pagoda festivals or other social ceremonies. They go to pagoda festivals to see Myanmar theatrical shows for recreation. Some people visit interesting places in winter. From all points of view, no one can deny that winter is the most pleasant season of the year.

## GLOSSARY

spring - နွေဦး
summer - နွေ
autumn - ဆောင်းဦး
winter - ဆောင်း
charming - စွဲမက်ဖွယ်ကောင်းသော
fascinating - အလွန်စိတ်ဝင်စားစရာကောင်းသော
mist - မြူနှင်း

mgyoe.com

dew - နှင်းရည်နှင်းပေါက်
snow - နှင်းခဲ၊ နှင်းဖတ်
intense - ပြင်းထန်သော
harvest - ကောက်ရိတ်သိမ်းခြင်း
labour - ပင်ပန်းသောအလုပ်
recreation - အနားယူအပန်းဖြေခြင်း

❐

mgyoe.com

mgyoe.com

# ဈေးမြင်ကွင်း

- လူစုံသောနေရာဖြစ်၍ မြင်ကွင်းမျိုးစုံ တွေ့ရပုံ
- ဈေးရောင်းသူတို့၏ မြင်ကွင်းများ
- ဈေးဝယ်သူတို့၏ မြင်ကွင်းများ
- လူ့စရိုက်အမျိုးမျိုး တွေ့ရ၍ လောကဓာတ်ခံသဖွယ်ဖြစ်ပုံ
- အခြားမြင်ကွင်းများ
- မိမိအတွေးနှင့် ခံစားချက်

## ဈေးမြင်ကွင်း

ကျွန်တော်သည် ဝမ်းတွင်းမြို့နယ် ကုက္ကိုခါးလှရွာသားတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့ရွာ၏တောင်ဘက် သုံးမိုင်မျှဝေးသော ပင်းတလဲရွာ အခြေခံအထက်တန်းကျောင်းတွင် ဒသမတန်း၌ ပညာသင်ကြားနေသော ကျောင်းသားတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော့်အသက်အရွယ်၊ ကျွန်တော့်အတွေ့အကြုံအရ မိတ္ထီလာဈေးသို့ ရောက်ဖူးပါသည်။ သို့သော် ခဏမျှသာ ရောက်ဖူးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယင်းဈေး၏မြင်ကွင်းများကို အသေးစိတ်ရေးရန် ကျွန်တော် မစွမ်းနိုင်ပါ။ ကျွန်တော့်ရွာ ကုက္ကိုခါးလှဈေး၏ မြင်ကွင်းကိုသာ အသေးစိတ်ရေးနိုင်မည် ဖြစ်ပါသည်။ သည်ရွာတွင် မွေး၊ သည်ဈေးတွင် ငယ်စဉ်

mgyoe.com

mgyoe.com


ကတည်းက ယခုအချိန်ထိ ကျင်လည်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့်ရွာ "ကုက္ကိုခါးလှရွာဈေး" မြင်ကွင်းကို တင်ပြပါမည်။

ကုက္ကိုခါးလှရွာ ဈေးမြင်ကွင်းကို မတင်ပြမီ ဈေး၏အနေအထားကို အမြွက်မျှ တင်ပြလိုပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကုက္ကိုခါးလှရွာသည် ဝမ်းတွင်းမြို့နယ်တွင် ပါဝင်ပါသည်။ မိတ္ထီလာမှ မြောက်စူးစူး နှစ်ဆယ့်ငါးမိုင်အကွာ၊ ဝမ်းတွင်းမြို့၏ အနောက်မြောက်ယွန်းယွန်း ၁၅ မိုင်အကွာတွင် ကုက္ကိုခါးလှရွာ တည်ရှိပါသည်။ ကုက္ကိုခါးလှရွာ၏ အနောက်မြောက်ဘက်ပိုင်းတွင် နွားထိုးကြီးမြို့နယ် တည်ရှိပါသည်။ ထို့ကြောင့် ချောင်ကျလှသော ကျေးရွာတစ်ရွာ၊ မီးရထားလမ်း၊ မော်တော်ကားလမ်းမရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ သို့သော် ကုက္ကိုခါးလှကျေးရွာသည် စည်သူကန်ဆည်ကြီးကို အမှီပြု၍ စိုက်ပျိုးရေးဖြစ်ထွန်းသော ရွာတစ်ရွာ ဖြစ်ပါသည်။ ပတ်ဝန်းကျင်ရွာများသည်လည်း စည်သူကန်ဆည်ရေသောက်များဖြစ်၍ စိုက်ပျိုးရေး အတော်အောင်မြင်သည်။ ဤဒေသပတ်ဝန်းကျင်တွင် ကုက္ကိုခါးလှ ကျေးရွာဈေးသည် အရေးပါသော ဈေး ဖြစ်သည်။

ကုက္ကိုခါးလှရွာဈေးသည် နေ့စဉ် ဆိုင်ခင်း၍ ရောင်းချသော အမြဲတမ်းဈေး မဟုတ်။ ဤဒေသတစ်ဝိုက်ဓလေ့အရ ငါးရက်လျှင် တစ်ကြိမ်ကျ ခင်းကျင်းရောင်းချသောဈေး ဖြစ်ပါသည်။ ထို့ကြောင့် ဆိုင်ခန်းများ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မရှိပါ။ တိုင်ထူ၍ အမိုးကို အရှင်သာထားကာ ဈေးသည်ကလေးများသည် သဘာဝမြေတလင်းပေါ်တွင် ဈေးဇန်းများခင်း၍ ရောင်းချလေ့ရှိပါသည်။ အဓိကရောင်းကြသော ပစ္စည်းများမှာ ဒေသထွက် လယ်ယာထွက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် မုန့်ပဲသရေစာများသာ ဖြစ်ပါသည်။ အများအားဖြင့် ဤဒေသတစ်ဝိုက်မှ တောင်သူလယ်သမား လက်လုပ်လက်စားများသည် မိမိတို့ထွက်ကုန်ကို ဤဈေးများတွင် ကုန်ပစ္စည်းချင်း ဖလှယ်ခြင်း၊ ဝယ်ယူခြင်း ဖြစ်ပါသည်။

ဈေးခင်းသည် ကုက္ကိုခါးလှရွာ၏ တောင်ဘက်ကုန်းမြင့်ကွင်းပြင်တွင် တည်ရှိသည်။ ဈေးနေ့တွင် နံနက် ၅ နာရီ ဝေလီဝေလင်းအချိန်လောက်မှစ၍ ဈေးရောင်းဈေးဝယ်များ စတင်ရောက်လာသည်။ အများအားဖြင့် လှည်းများဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်၍ လည်းကောင်း ဈေးခင်းသို့ လာရောက်ကြခြင်း ဖြစ်သည်။ ဈေးသည်များသည် မိမိတို့၏ ဆိုင်ခန်းနေရာများတွင် လက်နှိပ်

mgyoe.com

mgyoe.com


ဓာတ်မီးဖြင့်လည်းကောင်း၊ ရေနံဆီမီးခွက် မှိတ်တုတ်မှိတ်တုတ်ဖြင့် လည်းကောင်း၊ ဖယောင်းတိုင်မီးဖြင့်လည်းကောင်း မိမိတို့ကုန်ပစ္စည်းများကို ခင်းကျင်းကြပါသည်။ အကြော်သည်၊ မုန့်သည်များက မီးလင်းဖို့မှ မီးရောင်ကိုသာ အမှီပြု၍ စတင်ကြော်လှော်ကြပါသည်။ အစောရောက်နေသော ဈေးရောင်းဈေးဝယ်များသည် တော်သင့်ရာနေရာများတွင် ခေတ္တနားနေရင်း နေမင်း၏အလင်းရောင်ကို စောင့်ကြရပါသည်။ ဤဈေးသို့ အနောက်ဘက် စည်သူကန်တစ်ဝိုက် ရွာများမှ လည်းကောင်း၊ မြောက်ဘက် ဆီးတော၊ ဆယ်ရွာများမှ လည်းကောင်း၊ အရှေ့ဘက် ညောင်ကားရား၊ ပျားစွဲ၊ ဆပ်ခင်းရွာများမှ လည်းကောင်း၊ တောင်ဘက် ပင်းတလဲ၊ တဲစုရွာများမှ လည်းကောင်း လေးဘက်လေးတန်မှ ဈေးရောင်းဈေးဝယ်များ ရောက်လာကြပါသည်။ ရောင်နီလင်းစ အချိန်မှစ၍ ဈေးခင်းသည် မီးမှိတ်တုတ်မှိတ်တုတ်တွင် လူသံ၊ နွားသံများဖြင့် လှုပ်ရှားစပြုလာပါသည်။ မီးခိုးနံ့၊ အကြော်နံ့နှင့် ဟင်းသီးဟင်းရွက်နံ့များဖြင့် ဈေးခင်းသည် အသက်ဝင်လာပါသည်။

မိုးစင်စင်လင်းသည်နှင့် ဈေးခင်းတွင် အရောင်းအဝယ် စတင်ပါတော့သည်။ ဤဈေးခင်း၏ မြင်ကွင်းတွင် ရှေးဦးစွာ နွားအရောင်းအဝယ် ပြုသော နွားပွဲမြင်ကွင်းကို တင်ပြလိုပါသည်။ နွားပွဲကို တာလမ်းမကြီး၏ အရှေ့ဘက်၊ ဈေးခင်း၏အနောက်ဘက်ကြား ဈေးနှင့်လွတ်ရာ ကွက်လပ်ကျယ်ကြီးတွင် ပြုလုပ်ကြပါသည်။ ဤနယ်တစ်ဝိုက်မှ ရောင်းမည့် နွားမျိုးစုံနှင့် ဝယ်မည့်သူများဖြင့် စည်ကားလှပါသည်။ နွားဖြူ၊ နွားနီ၊ နွားညို၊ နွားပြာ၊ နွားသိုးပေါက်စ၊ နွားမ၊ နွားအို စုံလှသည်။ နို့ထွက်နွားမ ဝယ်လိုသူ၊ နွားပေါက်စ ဝယ်လိုသူ၊ ခိုင်းနွားဝယ်လိုသူ၊ လိုင်စင်စီအတွက် နွားဝယ်လိုသူ စုံလှသည်။ အထူးသဖြင့် သူစိမ်းဖြစ်သော နွားသိုးအချင်းချင်း တရှူးရှူး တရှုံရှုံ၊ တဘူးဘူး တဘဲဘဲဖြင့် ဖော့ရန် စောင်နေသည်ကို နွားပိုင်ရှင် အသီးသီးက ဂရုစိုက်ထိန်းကြရသည်။ နွားကြန်မွေ လက္ခဏာကြည့်သူက ကြည့်၊ ကြားပွဲစားလုပ်သူက လုပ်၊ နွားခြေပြ မောင်းသူက မောင်း၊ ဈေးခေါ်သူက ခေါ်၊ ဈေးစစ်သူကစစ်၊ လက်ဦးဈေးပေး အရဝယ်ပြီး ပြန်ရောင်းသူနှင့် နွားပွဲသည် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ အထူးသဖြင့် နွားပွဲစားများသည် ရောင်းမည့်သူများနှင့် ဝယ်သူအကြား ပွဲစားခ ရရေးအတွက် ဟိုပြေးသည်ပြေး လှုပ်ရှားနေသည်မှာ ကြည့်ကောင်းသေးတော့သည်။

mgyoe.com

နွားပွဲစားနှင့်ကပ်လျက် ဈေးတန်းအစတွင် အကြော်သည်များ၊မုန့်ဟင်းခါးသည်များ၊ မုန့်ပျားသလက်သည်များ၊ ရေမုန့်သည်များကို မီးဖိုကိုယ်စီနှင့် တွေ့မြင်ရသည်။ အကြော်သည်များက မြေတလင်းတွင် ခုံနိမ့်စားပွဲ သုံးလေးလုံးခင်း၍ ယင်းစားပွဲပေါ်တွင် ရေနွေးအိုးတစ်လုံးနှင့် ရေနွေးပန်းကန် လေးငါးလုံးစီ ချထားသည်။ မုန့်ဟင်းခါးသည်တို့က ခုံနိမ့်စားပွဲရှည်ကို ခင်းထားသည်။ ရေမုန့်သည်၊ မုန့်ပျားသလက်သည်၊ မုန့်ပေါင်းသည်တို့ကမူ ခံတောင်းတစ်လုံးပေါ်တွင် ဗန်းတင်၍ ဗန်းထဲတွင် မုန့်များထည့်ကာ ရောင်းကြသည်။ ဈေးသည်များက သူတို့ဆိုင်ကို မှာစားကြသည်။ နွားတစ်ကောင် အရောင်းအဝယ် ဖြစ်ပြီဆိုလျှင် ပွဲစားခေါင်းဆောင်၍ ရောင်းသူရော ဝယ်သူပါ သက်ဆိုင်ရာ လူတစ်အုပ်၊ အကြော်ဆိုင်ဘက်ရောက်လာတတ်သည်။ အကြော်ဆိုင်တွင် နွားပွဲစား၏အသံသည် စီစီညံနေတော့သည်။

မုန့်ဆိုင်များ၏ အရှေ့ဘက်တွင် အဓိကဈေးတန်း နှစ်ခုရှိသည်။ တစ်ခုမှာ နယ်ခံ တောင်သူလယ်သမားများက မိမိတို့ဒေသထွက် လယ်ယာထွက်ကုန်များ ရောင်းသောအတန်းဖြစ်သည်။

ယင်းဈေးတန်းတွင် ဆိုင်ခန်းမရှိပါ။ မြေကွက်လပ်တွင် အဆင်ပြေသလို နေရာယူ၍ ရောင်းဝယ်ကြပါသည်။ ယင်းအတန်း၏ ညာဘက်တွင် အဝေးမှလာရောက်ကြသော ဈေးသည်များ၏ လူသုံးကုန်ပစ္စည်းများ ရောင်းချသည့် ဈေးတန်းရှိပါသည်။ ယင်းဈေးတန်းတွင်မူ တစ်ဖက်ရပ်ဆိုင်ခန်းများဖြင့် တတ်နိုင်သမျှ ခင်းကျင်းရောင်းချကြပါသည်။ ပထမဈေးတန်းသည် ဈေးခင်းချိန် အစောပိုင်းတွင် စည်ကား၍ ဒုတိယဈေးတန်းသည် ဈေးခင်းချိန်နောက်ပိုင်းမှ စည်ကားတတ်ပါသည်။

အရှေ့ဘက်ရှမ်းရိုးမပေါ်တွင် နေလုံးကြီး ပေါ်လာသည်နှင့် ပထမဈေးတန်းသည် လှုပ်ရှား ဆူညံလာတော့သည်။ မုန့်ဆိုင်များ၏ အရှေ့ဘက်မျှော်ကြည့်လိုက်လျှင် ဗိုင်းချည်ရောင်းဝယ်သည့် မြင်ကွင်းကို ဦးစွာတွေ့ရသည်။ လူတစ်ရပ်လောက်ရှိသော ဗိုင်းထုပ်ဖြူဖြူကြီးသည် ချုံကလီးယား ဓာတ်ပေါင်းဖိုကြီးများနှင့်ပင် တူနေသေးတော့သည်။ ဗိုင်းထုပ်ပိုင်ရှင်များက မိမိတစ်နိုင်ခေါင်းတွင်ရွက်၍ လာရောက်ရောင်းချကြခြင်း ဖြစ်သည်။ မိမိဗိုင်းထုပ်အနီးထိုင်သူထိုင်၊ ထသူထ၊ ဝယ်မည့်သူများကို ဗိုင်းပြသူပြနှင့် အရောင်းအဝယ်ပြုကြသည်။ ငွေထည့်သည့်လွယ်အိတ် တကိုင်ကိုင်နှင့် ဟိုဗိုင်းထုပ်နားသွား၊

mgyoe.com

mgyoe.com


သည်ဗိုင်းထုပ်နားလာ၊ စရန်ပေးသူပေး၊ အလေးချိန်သူချိန်၊ ငွေချေသူချေနှင့် ရှုပ်ရှုပ်လှုပ်နေကြသည်။ ဗိုင်းဈေးချည်ဈေး ကျပြီဆိုလျှင် ကုန်သည်များက ဈေးနှိမ်ဝယ်ကြသည်။ မဝယ်ချင်သလိုလို ဝယ်ချင်သလိုလို အချိန်ဆွဲကြသည်။ ဗိုင်းခင်းဈေးကောင်းလျှင် ဈေးခင်းသို့ ဗိုင်းချည်များမရောက်မီ ခရီးကြိုသွားပြီး ဗိုင်းတောင်းချ၍ ဝယ်ယူတတ်ကြသည်။ အရောင်းအဝယ်သမားတို့၏သဘောက ဤသို့တည်းဟု နှလုံးသွင်းမိပါသည်။

ဤဗိုင်းတန်းတွင်ပင် ဒေသထွက် လက်ရက်ကန်းဖျင်ထည်အုပ်ကလေးများကို ခံတောင်းတွင်ထည့်ခင်း၍ ရောင်းကြသည်။ ပင်ဖြူဖျင်ရှိသည်။ တိုက်ပုံချုပ်ရသော ပင်နီဖျင်လည်း ရှိသည်။ အရောင်ဖောက်ထားသော အဆင်စုံဖျင်ထည်များလည်း ရှိသည်။ တစ်ဖက်ဖျင်များ၊ နှစ်နံစပ်ဖျင်လုံချည်များလည်း ဒေသထွက်ပစ္စည်းအဖြစ် ဝယ်ယူနိုင်သည်။

ဗိုင်းချည်တန်းလွန်လျှင် ဒေသထွက်သီးနှံများ ရောင်းချရာ ဈေးတန်းကို တွေ့ရသည်။ ရာသီလိုက်၍ နှမ်း၊ မြေပဲ၊ နေကြာ သီးနှံများ၊ ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား၊ ပြောင်း၊ ပြောင်းဖူး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးများ၊ ဟင်းသီးဟင်းရွက်များ ရောင်းဝယ်ကြသည်။ လှည်းစီးတိုက် လာရောင်းသူများရှိသလို တစ်ထမ်းတစ်ရွက် လာရောင်းသူများလည်း ရှိသည်။ ကုန်သည်ပွဲစားများက ဤဈေးမှ လယ်ယာသီးနှံများကို ဝယ်ယူ၍ မိတ္ထီလာ၊ မလှိုင်၊ သဲတောဈေးတို့သို့ ပြန်၍ ရောင်းချကြသည်။ ချက်ပြုတ်စားသောက်စရာ အရွက်အသီးများကား လတ်ဆတ်လှသည်။ အချဉ်ဟင်းချက်စရာ အရွက်အသီးမျိုးစုံ၊ အချိုဟင်းချက်စရာ အရွက်အသီးမျိုးစုံ၊ ကြော်ချက်စရာ အရွက်အသီးမျိုးစုံ ရှိသည်။ ဘုရားတင်စရာ ပန်းမျိုးစုံကိုလည်း တွေ့ရသည်။ ဤဈေးတန်းတွင် လူများစည်ကားလာသည်။ မိမိတို့၏ ဒေသထွက်ကုန်များရောင်း၍ ပိုက်ဆံဖြင့် မိမိတို့လိုအပ်သော လူသုံးကုန်ပစ္စည်းများကို ဝယ်ယူကြသည်။

ညာဘက်ဈေး၏ အရှေ့ဘက်ထိပ်ဆုံးတွင် အဝတ်အထည်မျိုးစုံကို တတ်နိုင်သမျှ စုံစုံလင်လင် ခင်းကျင်းပြသထားသည်။ ဗိုင်းတောင့်သည် အပျိုမသည် ဗိုင်းရောင်းရသောငွေဖြင့် နိုင်လွန်အင်္ကျီစကို ဝယ်ရန် ချိန်ဆနေသည်။ ခေါင်းဖြူဖွေးဖွေးနှင့် ဟင်းရွက်သည် အဘွားအိုသည် ငွေအချို့ကို လက်တွင် ကျစ်ကျစ်ဆုပ်ပြီး မြေးမယ်အတွက် ချည်ထည်အင်္ကျီကို ရွေးနေသည်။ အထည်သည်တို့ကလည်း မိမိဆိုင်သို့ ဝင်လာသောသူကို မလွတ်တမ်း ရောင်းချရေးအတွက် အထည်အမျိုးမျိုးကို ခေါင်းပေါင်းနှင့် ဦးကြီးသည် ငွေထောင်ကျော်

mgyoe.com

mgyoe.com

ပါသော လွယ်အိတ်ကို တင်းတင်းကိုင်၍ သားငယ်ကြိုက်မည့်လုံချည်ကို ရွေးခိုင်းနေသည်။

အထည်ဆိုင်တန်း၏ အနောက်ဘက်တွင် လူသုံးကုန်ပစ္စည်း ဆိုင်တန်းများ တန်းလျက် ဝယ်သူများနှင့် စည်ကားနေသည်။ သံထည်ဆိုင်တွင် ဓားဝယ်သူက ဝယ်၊ ကျူလီယာဆိုင်တွင် လက်နှိပ်ဓာတ်မီး ဈေးဆစ်သူဆစ်၊ မြို့ထွက်မုန့်အရောင်းဆိုင်တွင် မုန့်ကြွပ်ထုပ် မေးသူက မေး၊ ဘုန်းကြီးလှူရန် ဖျော်ရည်ပုလင်း ဝယ်သူက ဝယ်နှင့် စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဈေးဝယ်ကြသူ အများစုမှာ တောသူတောင်သားများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့၏အဝတ်အဆင်မှာ မတောက်ပြောင်ကြပါ။ အသားအရေမှာလည်း မဖြူလွင်ကြပါ။ သို့သော် သူတို့အမူအရာ၊ သူတို့မျက်နှာက ရိုးသားလှပါသည်။ ပစ္စည်းတစ်ခု ဝယ်လျှင် အသေအချာ စစ်ဆေးကြည့်ရှုတတ်သည်။ ဈေးလည်း ဆစ်လေ့ရှိပါသည်။ သူတို့လုပ်အားကို ပင်ပန်းစွာ အသုံးချ၍ ရရှိထားသောငွေကို မတန်မဆ ဈေးပေး၍ အကုန်မခံလိုကြပါ။ ထို့ကြောင့် ဈေးသည်များကလည်း စိတ်ရှည်ကြပါသည်။ စိတ်ရှည်မှလည်း ကုန်ပစ္စည်းရောင်းရမည် ဖြစ်ပါသည်။

ကျွန်တော်တို့ ကုက္ကိုခါးလှဈေးတွင် ထူးခြားချက်တစ်ခု ရှိပါသည်။ ဒေသခံထွက်ကုန် ဗိုင်းထည်ချည်ထည် ရောင်းသူသည် အချိန်ကုန်သည်အထိ မိမိပစ္စည်း အရောင်းမထွက်တတ်သည့်အခါ ရှိပါသည်။ ဤအခြေအနေတွင် မိမိကလည်း လူသုံးကုန်ပစ္စည်းတစ်ခုခုကို လိုနေတတ်ကြပါသည်။ ဤတွင် မိမိချည်ထည် ပစ္စည်းဖြင့် မိမိလိုသောပစ္စည်းကို ဈေးသင့်၍ ပစ္စည်းဖလှယ်ခြင်း ဖြစ်ပါသည်။ ဈေးသည်များကလည်း ဤစနစ်ဖြင့် ရောင်းဝယ်မှု ပြုပါသည်။

ကုန်မျိုးစုံဆိုင်တန်း၏ အနောက်ဘက်အစွန်ဆုံးတွင် သားငါးဆိုင်တန်း ရှိပါသည်။ သို့သော် ဆိုင်ခန်းမရှိပါ။ လှည်းကို ဒေါက်ဖြုတ်ဦးချ၍ လှည်းနောက်မြီးတွင် အသားများကို ချိတ်ဆွဲရောင်းချလေ့ရှိပါသည်။ အသားဆိုင်များများ မရှိပါ။ အမဲသားတစ်ဆိုင်၊ ဝက်သားတစ်ဆိုင်သာ ဆိုင်ကြီးရှိပါသည်။ အမဲ၊ ဝက် လိုင်စင်ရသူတို့ ကိုယ်တိုင်ရောင်းချသောဆိုင် ဖြစ်ပါသည်။ ကျန်အသားငါးရောင်းသူများမှာ ရာသီအလိုက် ဒေသပတ်ဝန်းကျင်မှ ရလေ့ရှိသော ယုန်သား၊ ချိုးသား စသည့် တောကောင်သားများ၊ ဖား၊ ပုစွန်ဆိတ် စသော ရေထွက်သားငါးများကို အနည်းအကျဉ်း ရောင်းချသူများသာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

မိုးလင်းမှစ၍ ခင်းကျင်းရောင်းဝယ်ကြသော ဤဈေးခင်းလေးသည် ဘုန်းကြီးဆွမ်းခံဝင်ချိန်လောက်တွင် ဈေးကွဲစ ပြုလာပါသည်။ အရောင်းအဝယ် ပြုသူများ တဖြည်းဖြည်း ပါး၍လာပါသည်။ မွန်းတည့်ချိန်လောက်တွင်ကား ဈေးကုန်းတစ်ခုလုံး လူသူကင်းမဲ့သွားပါတော့သည်။ တစ်ဖက်ရပ် ထန်းရွက်မိုး ဆိုင်တန်းတချို့ မီးငြိမ်းခါနီးနီး မီးခိုးအူနေသော မီးဖိုအချို့၊ အမှိုက်သရိုက်၊ အကြွင်းအကျန် အချို့နှင့် ခွေးလေခွေးလွင့်အချို့သာ ဤဈေးနေရာတွင် ကျန်ပါ တော့သည်။

ကျွန်တော့်ရွာ ကုက္ကိုခါးလှဈေး၏ မြင်ကွင်းမှာ ဤမျှသာ ဖြစ်ပါသည်။ ခမ်းနားကြီးကျယ်ခြင်း မရှိပါ။ ရွာဈေးတစ်ဈေးမျှသာ ဖြစ်ပါသည်။ တောသူ တောင်သားများသာ ရောင်းဝယ်ဖောက်ကားရာဈေး ဖြစ်ပါသည်။ ငါးရက်မှ တစ်ကြိမ်သာ ခင်းသောဈေးလည်း ဖြစ်ပါသည်။ တစ်မနက်ခင်းလောက်သာ စည်ကားသောဈေးလည်း ဖြစ်ပါသည်။ သို့သော် ဤဈေးသည် ကျွန်တော်တို့ ပတ်ဝန်းကျင်မှ လူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော ဈေး လည်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် မခမ်းနားလှသော်လည်း စိတ်ဝင်စားစရာ ကောင်းသော ဤမြင်ကွင်းကို တင်ပြရခြင်း ဖြစ်ပါသည်။ ဈေးတစ်နေ့မြင်ကွင်း ကို တင်ပြပြီး နောက်တစ်ကြိမ် ငါးရက်အကြာ ရောက်လာမည့်ဈေးကို မျှော်လင့် နေမိပါတော့သည်။

*

mgyoe.com

mgyoe.com

## A Crowded Shopping Centre

Yangon is the commercial city of Myanmar. So there are trading companies, brokerage houses and shopping centres. As it is a former capital city, it has modern features such as trendy fashion shops, up - to - date supermarkets and shopping centres selling up - to - date fashionable clothes. In Yangon, there is no street that does not have a shopping centre. In fact, shopping centres are a symbol of modern lifestyle. Going to shopping centres has been an everyday activity.

Among these shopping centres, Sein Gayhar Super Centre is popular. It is the pioneer of shopping centres that sell modern clothes, accessories and home appliances. Now it has many branches in many parts of Yangon. Sein Gayhar Super Centre is the latest branches and most popular. It is located near Bago Club bus stop on Pyay Road. It is a four storey building. It sells fashionable clothes, up - to- date home appliances and various kinds of cosmetics. On the top floor, there is a play centre for children to play happily while their mothers go shopping. As it provides the latest items and quick service facilities, it is almost always crowded with customers.

mgyoe.com

mgyoe.com


It is always crowded with shoppers. As it is located at a place easily accessible, many people come to it for buying necessary things. Young people like it because it sells the latest clothes with modern designs. Housewives like shopping there as it provides different kinds of household goods. Children love going there for they can play happily. In a word, Sein Gayhar Super Centre is a crowded shopping centre.

## Glossary

trading - ကုန်သွယ်ရေး
brokerage house - ပွဲရုံ
up - to - date - နောက်ဆုံးပေါ်
lifestyle - ဘဝဟန်ပန်
pioneer - စတင်ဆောင်ရွက်သူ
branch - ဆိုင်ခွဲ
home appliances - အိမ်သုံးအဆောင် ကရိယာများ

❒

mgyoe.com

mgyoe.com

## ဘုရားဖူးတစ်ခေါက်

- အားလပ်ရက်တစ်ရက်တွင် ဘုရားဖူးခရီးထွက်ပုံ (နိဒါန်း)
- အတူလိုက်ပါသူများ
- သွားရောက်ဖူးမည့် ဘုရားအကြောင်းကို လမ်းမှာတွေးမိပုံ
- လမ်းခရီးမြင်ကွင်းများ
- ဘုရားသို့ရောက်ပုံ
- ဘုရားပတ်ဝန်းကျင်မြင်ကွင်းများ
- အခြားဘုရားဖူးများ
- မိမိဘုရားဖူးပုံ
- အမှတ်တရ အကြောင်းတစ်ခု
- ဘုရားဖူးပြီး ပျော်ရွှင်စွာ ပြန်လာပုံ (နိဂုံး)

### ဘုရားဖူးတစ်ခေါက်

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံ ဖြစ်ပါသည်။

ထို့ကြောင့် "မြန်မာရွှေမြေ" ဟု ခေါ်ရလောက်အောင်ပင် စေတီပေါ်များသောနိုင်ငံ ဖြစ်၏။ ထိုသို့ စေတီပုထိုးပေါ်များခြင်းသည် မြန်မာ့ယဉ်ကျေးမှု မြင့်မားခြင်းကို ဖော်ဆောင်ရာ ရောက်ပါသည်။

mgyoe.com

mgyoe.com


ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်းသည် ဘုရားဖူးထွက်လေ့ ရှိကြသည်။

ထို့ကြောင့် ကျွန်ုပ်သည်လည်း အားလပ်ရက်များတွင် ဘုရားဖူးထွက်ခဲ့သည်။ ကျောင်းအားရက်တွင် ကျိုက်ထီးရိုးဘုရားသို့ သွားရောက်ဖူးမြော်ရန် စီစဉ်ခဲ့သည်။ မိဘများနှင့် ဘုရားဖူးထွက်ရန် စီစဉ်ခဲ့သည်။ ခရီးမထွက်မီကြိုတင်လက်မှတ်ဝယ်၍ လိုအပ်သောပစ္စည်းများ ထည့်ပါသည်။ ကျွန်ုပ်သည် ခရီးစဉ် ကြိုတွေးကာ ပျော်နေမိပါသည်။ စိတ်ထဲတွင် လွတ်လပ်မှု၊ အပန်းဖြေမှု၊ ကြည်နူးမှုများကို တစ်လှည့်စီ ခံစားနေရပါသည်။ ကုသိုလ်လည်းရ၊ ပျော်ရွှင်စရာလည်းကောင်းသော ခရီးစဉ်ဖြစ်မည်ဟုလည်း မျှော်တွေးကျေနပ်မိပါသည်။

ဘုရားဖူးသွားရာတွင် ဖေဖေ၊ မေမေ၊ မောင်လေး၊ ညီမလေး၊ ဒေါ်လေးနှင့် အစ်မဝမ်းကွဲနှစ်ယောက် လိုက်ပါကြမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားဖူးခရီးစဉ်အတွက် ပျော်ရွှင်နေကြပါသည်။ ဖေဖေကမူ လမ်းတွင် တွေ့ကရာ မစားရန်၊ ကုသိုလ်ရရန်အတွက် ဘုရားဖူးရာတွင် စိတ်ထဲ၌ အလေးအနက်ထားကာ ဖူးရမည်ဖြစ်ကြောင်း၊ အပျော်သဘောသက်သက်ဆိုလျှင် ကုသိုလ်မရသည့်အပြင် အပြစ်ပို၍ရောက်ကြောင်း စသဖြင့် မှာကြားနေပါသည်။ မေမေကမူ လမ်းခရီးနှင့် ဘုရားပေါ်တွင်စားရန် မုန့်များ၊ အခြားလိုအပ်သည့် ပစ္စည်းပစ္စယများကို စနစ်တကျ ထည့်နေပါသည်။ ကျွန်ုပ်ကမူ ကြိုပျော်နေမိသည်။

အဝေးပြေးဂိတ်မှ ကျိုက်ထို – ရန်ကုန်ကားဖြင့် ကင်ပွန်းစခန်းသို့ သွားရောက်မည်ဖြစ်ပါသည်။ ကင်ပွန်းစခန်းမှ ပစ္စည်းပစ္စယများကို အထမ်းသမားများနှင့်တင်၍ လူများကမူ လမ်းလျှောက်၍ တက်မည်ဖြစ်ပါသည်။ လမ်းလျှောက်၍ မတက်နိုင်သော မေမေနှင့် ဒေါ်လေးကမူ ကားနှင့် တက်မည်ဖြစ်သည်။ ကျိုက်ထီးရိုးတောင်ပေါ်တွင် ၂ ညအိပ်မည် ဖြစ်ပါသည်။

ကျိုက်ထီးရိုးဘုရားသည် တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီးမှသာ ဖူးမြော်နိုင်သော ဘုရားဖြစ်ပါသည်။ ''''ခင်က ကားလမ်းမရှိသေးသဖြင့် ခြေလျင်သာ တက်နိုင်ကြ၏။

ကျိုက်ထီးရိုးမှာ မြတ်စွာဘုရားရှင်၏ ဆံတော်ကို ဌာပနာ၍ တည်ထားသော ဘုရားဖြစ်ပါသည်။ ကျောက်တုံးပေါ်တွင် ကျောက်တုံးဆင့်ကာ တည်ထားသော ဘုရားဖြစ်၍ ထူးဆန်းအံ့ဩဖွယ်ရာ တန်ခိုးတော်နှင့်ပြည့်စုံသည်။ တောင်အထပ်ထပ်ကို ဖြတ်၍ မောပန်းလာသမျှသည် ဘုရားကို ဖူးမြော်ရသည်နှင့်

mgyoe.com

mgyoe.com

ပြေပျောက်သွားခဲ့ပါသည်။ ထို့ကြောင့် ကုသိုလ်များစွာ ဖြစ်ပေါ်စေသည့် ကြည်နူးစိတ်နှင့်သာ ဘုရားကို ဖူးမြော်ခဲ့ရပါသည်။ ကြည်ညိုဖွယ်ရာ သပ္ပာယ် သော ဘုရားဖြစ်၏။

ရန်ကုန်မြို့ပြင်သို့ စထွက်သည်နှင့် လမ်းဘေးဝဲယာတွင် ကျယ်ပြန့်သော လယ်ကွင်းများကို စတင်တွေ့ရှိရပါသည်။ လမ်းတွင် လမ်းပြုပြင်နေသော လုပ်သားများကို တွေ့ရသည်။ ဝေါမြို့ ကျော်သောအခါ စိမ်းစားဥစိုက်ခင်းများကို တွေ့ရသည်။ စစ်တောင်းတံတားကြီးကို ဖြတ်ကျော်သောအခါ မြန်မာပြည် မြေပုံတွင်သာ တွေ့ရသော စစ်တောင်းမြစ်ကို တွေ့ခဲ့ရသည်။ စစ်တောင်းတံတား ကျော်သောအခါ စစ်တောင်းစက္ကူစက်ကို တွေ့ရပါသည်။ ကျိုက်ထိုမြို့မှ ကျိုက်ထီးရိုးဘုရားတောင်ခြေ ကင်ပွန်းစခန်းသို့ သွားရာလမ်းတွင် သီဟိုဠ်ပင် များစွာ စိုက်ပျိုးထားသော ခြံများကို တွေ့ရသည်။ သီဟိုဠ်ပွင့်ချိန်ဖြစ်၍ စိမ်းရွှေ ရွှေရနံ့ကို ရခဲ့၏။ ယင်းမှ လွန်သော် အလွန်သပ္ပာယ် ကြည်ညိုဖွယ်ရာ ကောင်း သော ဆံတော်ရှင်စေတီတော်ကို ဖူးမြင်ရတော့သည်။

ကျိုက်ထီးရိုးဘုရားရင်ပြင်တော်တွင် ခြေချစရာမရှိအောင်ပင် ဘုရားဖူးများ စည်ကားလှပါသည်။ ကျိုက်ထီးရိုးဘုရား၏ ပတ်ဝန်းကျင်တွင် စိမ်းညို့နေသော သစ်ပင်များဖြင့် ဖုံးလွှမ်းနေသော တောင်အထပ်ထပ်ကို မြင်တွေ့ရသည်။ ထို့ပြင် အခြားတောင်ကုန်းများပေါ်တွင် တည်ထားသော ဘုရားများကိုလည်း လှမ်း၍ ဖူးမြော်ရပါသည်။

ဘုရားကို ချောက်ဘက်မှ ဖူးမြော်ရရန် ရင်ပြင်တော်လည်း ပြုလုပ်ထား သည်။ ဘုရားပတ်ဝန်းကျင် မြင်ကွင်းများသည် မျက်စိပသာဒ ရစရာများ ဖြစ်ပါသည်။

ကျိုက်ထီးရိုးဘုရားတွင် အခြားဘုရားဖူးများစွာ တွေ့ရပါသည်။ အချို့မှာ မိသားစုလိုက်၊ အချို့မှာ မိတ်ဆွေသူငယ်ချင်းများ အစုလိုက် ဘုရားဖူးလာ ကြသည်။ ဘုရားအဆင်း၊ အတက်တွင်လည်း တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်နှောက်ပြောင်ကြပါသည်။ ဘုရားရင်ပြင်တွင် ဘုရားရှိခိုးသူ၊ ပုတီးစိပ်သူ၊ တရားထိုင်သူ စသည်ဖြင့် တွေ့ရသည်။ အချို့မှာ အနီးပတ်ဝန်းကျင်မှ ဘုရားများ သို့ သွားရောက် ဖူးမြော်ကြပါသည်။ မြန်မာနိုင်ငံသားများသာမက နိုင်ငံခြားသား အချို့ကိုလည်း တွေ့ရသည်။

ကျွန်ုပ်တို့သည် ရောက်သည့်ညနေတွင် ဘုရားရွှေသင်္ကန်းကပ်ကြ၊ ဆီမီး

mgyoe.com

mgyoe.com

တိုင်၊ အမွေးတိုင် ပူဇော်ကြ ဘုရားရှိခိုးကြပါသည်။ အောက်ဘက်ရင်ပြင်မှလည်း ဘုရားကို လှည့်ပတ်၍ ဖူးမြော်ကြပါသည်။ နံနက်စောစောထ၍ ဆွမ်းနှင့်ရေချမ်း ကပ်လှူပြီးနောက် အနီးအနား ပတ်ဝန်းကျင်မှ မုဆိုးတောင်ဘုရား၊ ကျိုးကန်းပါးစပ်ဘုရား စသည့် ဘုရားများသို့ သွားရောက်ဖူးမြော်ကြသည်။ လမ်းတွင် တံမြက်စည်းလှည်းသောသူများထံ အလှူငွေထည့်ကြ၍ ကျောက်ထပ်ကြီးဘုရားတွင် ရွှေသင်္ကန်းကပ်ခဲ့ပါသည်။

ကျွန်ုပ်တို့မိသားစု စုံလင်စွာ ဘုရားသွားဖူးရသဖြင့် အလွန်ပျော်ရွှင်မိပါသည်။ ကျိုးကန်းပါးစပ်ဘုရားသို့ သွားရောက်ဖူးမြော်ရာတွင် ကျိုးကန်းပါးစပ်ထဲသို့ ပိုက်ဆံအကြွေစေ့ဝင်အောင် ပစ်ရသည်မှာ ပျော်စရာဖြစ်သည်။ ကျိုးကန်းပါးစပ်ဂူထဲသို့ ဂူဝကျဉ်းကျဉ်းလေးမှ ဝင်ရသည်မှာ စိတ်လှုပ်ရှားစရာ ကောင်းလှပါသည်။ မေမေသည် ကျိုးပါးစပ်ဂူကိုဝင်၍ ထွက်မရမှာကြောက်ကာ အော်ဟစ်သဖြင့် ဝိုင်းဝန်းရယ်မောခဲ့ကြရပါသည်။

ထို့နောက် နောက်တစ်နေ့နံနက်တွင် ဘုရားကို အရုဏ်ဆွမ်းကပ်ကာ နေမပူခင် တောင်အောက်သို့ ပြန်ဆင်းလာခဲ့ပါသည်။ ကင်ပွန်းစခန်းရောက်သောအခါ ရေချိုး၊ ထမင်းစားကာ ကားဖြင့် ရန်ကုန်သို့ပြန်ကြပါသည်။ လမ်းတွင် ကျိုက်ပေါလော မဲ့ရှင်တော်ဘုရားနှင့်တကွ ပဲခူးမြို့မှ တန်ခိုးကြီးဘုရားများကို ဝင်ရောက်ဖူးမြော်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ရန်ကုန်သို့ ပျော်ရွှင်ချမ်းမြေ့ကြည်နူးစွာ ပြန်ခဲ့ကြသည်။

အားလပ်ရက်တွင် စိတ်အပန်းလည်းပြေ၊ ဗဟုသုတလည်းရ၊ ကုသိုလ်လည်းရအောင် ထွက်ခဲ့သော ဘုရားဖူးခရီးစဉ်သည် ပျော်ရွှင်စရာကောင်းလှပါသည်။ နောင်အခါများတွင်လည်း အားလပ်ရက်ရတိုင်း ဘုရားဖူးခရီးထွက်နိုင်ရန် ကြိုးစားတော့မည် ဖြစ်ပါသည်။ "ရွှေမြေ"ဟု အမည်ပေးရလောက်သော မြန်မာပြည်တွင် တန်ခိုးကြီးဘုရားများစွာ ရှိပါသည်။ ထို့ကြောင့် တစ်နှစ်တစ်ခါ ဘုရားဖူးခရီးထွက်ချင်သူ များလှပါသည်။

*

mgyoe.com

mgyoe.com

## A Visit to a Historical Pagoda

I love visiting historical pagodas. I also collect books on historical pagodas. I believe that historical pagodas show how religious the past Myanmar kings were and their reasons for building pagodas. Whenever I have holidays, I visit one historical pagoda or another. Last Sunday I visit Kyaik - Khauk Pagoda. I went there with my friends and my uncle drove us to the pagoda. Our car passed over the Thanlyin Bridge that spans the Bago river. At the end of the bridge we got to Thanlyin and drove on to Kyaik - Khauk Pagoda.

Kyaik-Khauk Pagoda is situated on the outskirts of Thanlyin. It was built on a hill. My friends and I offered flowers and candles at the pagoda. After donating some money for the renovation of the pagoda, I asked the trustee about the history of the pagoda. He said that in Sakarit 241, Kyaik-Khuk Pagoda was built by Ashin Khawlaka and Thaton King Sula Thirima Thawka. It is said to enshrine six sacred hair relics of Lord Buddha. According to historical records, Nat Shin Naung, King of Toungoo, visited and worshipped Kyaik- Khauk Pagoda. And the legend goes that Prince Nandar and Princess Mwaynun pledged fidelity at this pagoda. I saw many young couples

mgyoe.com

mgyoe.com


worship and pray on the pagoda platform form. They must have prayed to tie the knot. After worshipping the pagoda we went round and looked at the environs. Then we had lunch on the pagoda platform.

As the pagoda was in the quite place, I felt peace and tranquillity Amidst peaceful surroundings I thought about the past of Thanlyin and the romance of Prince Nandar and Princess Mwaynun. Then we had fried gourd fritters and plain tea in a shop at the foot of the pagoda hill. When the sun was about to set, we went back home. I enjoyed that visit because it gave me a change of environment from the crowded city Yangon and historical knowledge about the pagoda.

## Glossary

| | | |
|---|---|---|
| outskirts | - | မြို့ပြင်၊ အပြင်ဘက် |
| donate | - | လှူဒါန်းသည်။ |
| renovation | - | ပြုပြင်မွမ်းမံမှု |
| trustee | - | ဂေါပကလူကြီး |
| enshrine | - | ဌာပနာသည် |
| ascred hair relic | - | ဆံတော် |
| records | - | မှတ်တမ်း |
| pledge fidelity | - | သစ္စာပြုသည်၊ သစ္စာဆိုသည် |
| environs | - | ပတ်ဝန်းကျင်ဒေသ |
| tie the knot | - | ထိမ်းမြားလက်ထပ်သည် |
| romance | - | အချစ်ဇာတ်လမ်း |
| fried gourd fritters | - | ဘူးသီးကြော် |
| plain tea | - | ရေနွေးကြမ်း |
| change of environment | - | ပတ်ဝန်းကျင် အပြောင်းအလဲ |

❒

mgyoe.com

mgyoe.com

## ရှုခင်းသာယာ ပြည်မြန်မာ

- ❖ မြန်မာပြည်၏ သာယာလှပသော ရေမြေတောတောင် သဘာဝ
- ❖ စိမ်းလန်းစိုပြည်နေသော သဘာဝရှုခင်းများ
- ❖ လမ်းတံတား အဆောက်အအုံများဖြင့် လှပခမ်းနားသော ရှုခင်းများ
- ❖ ဘာသာရေးနှင့် ပတ်သက်သော ကြည်နူးဖွယ်ရှုခင်းများ
- ❖ မိမိခံစားချက်နှင့်အမြင်

# ရှုခင်းသာယာ ပြည်မြန်မာ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ပါဝင်ပြီး ပင်လယ်နှင့် နီးကပ်စွာ တည်ရှိသောကြောင့် မိုးလေဝသ မှန်ကန်ပြီး မျှတသော ရာသီဥတုကို ရရှိထားလေသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ကြီးမားလှသောကြောင့် သာယာလှပသော ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်ထားသည်။ မြန်မာနိုင်ငံ၏ မြောက်ဖျားပိုင်းတွင် ရေခဲနေသည့် တောင်တန်းကြီးများအပါအဝင် မြန်မာပြည်အနှံ့အပြား၌ တောင်ကုန်းတောင်တန်းကြီးများဖြင့် ပြည့်နှက်လျက်ရှိ၏။ ထို့ကြောင့် မြစ်ချောင်း၊ အင်းအိုင်များလည်း လွန်စွာပေါများလျက်ရှိရာ နေရာတိုင်းတွင် လှပသော ရှုခင်းများအဖြစ် တွေ့မြင်နိုင်သည်။ထိုသို့ သာယာလှပသော ရှုခင်းများက မြင်ရသူအပေါင်းကို စိတ်ကြည်နူး ချမ်းမြေ့စေနိုင်ပါသည်။

သဘာဝပထဝီအနေအထားကပင် သမမျှတသော ရာသီဥတုကို လက်ဆောင်ပေးထားပါသည်။ မြောက်မှတောင်သို့ မြန်မာပြည်အလယ်ပိုင်းမှ ဖြတ်သန်း

mgyoe.com

mgyoe.com

စီးဆင်းနေသော ဧရာဝတီမြစ်ကြီးသည် မြန်မာတို့၏ အသက်သွေးပင် ဖြစ်ပါသည်။ ရေကြည်တဖွေးဖွေးနှင့် တသွင်သွင် စီးဆင်းနေသော သံလွင်၊ စစ်တောင်း၊ ချင်းတွင်း၊ ဒုဋ္ဌဝတီ စသည့် မြစ်ချောင်းများသည် နိုင်ငံ၏ရှုခင်းအလှကို ခြယ်သနေကြပါသည်။ မြစ်ရေကို ဆည်လုပ်ပြီး နွေအခါတွင် စိုက်ပျိုးရေး လုပ်ဆောင်နိုင်ရန် ဆည်ရေ ရယူနိုင်ကြသည်။ မြစ်ချောင်းနှင့်နီးသော ဒေသများတွင် ပူနွေးစိုစွတ်သော ရာသီဥတု ဖြစ်ပေါ်စေသည်။ အေးလွန်းခြင်း၊ ပူလွန်းခြင်းတို့ မရှိသည့် နေရထိုင်ရသက်သာသော နေရာဒေသများ မြန်မာပြည်အနှံ့ ဖြစ်ပေါ်စေသည်။

တောင်တန်းကြီးများသည် မြန်မာပြည်၏ မြောက်ဘက်၊ အရှေ့ဘက်တို့တွင် တည်ရှိနေပြီး သဘာဝတံတိုင်းကြီးများသဖွယ် အခြားနယ်မြေများနှင့် ပိုင်းခြားတားဆီးထားပါသည်။ မြန်မာပြည်အတွင်းပိုင်းတွင်လည်း အနောက်ရိုးမ၊ အလယ်ရိုးမနှင့် ရှမ်းကုန်းမြင့်တို့ တည်ရှိပါသည်။ တောင်တန်းကြီးများပေါ်တွင် သစ်ပင်ကြီးငယ်တို့ ထူထပ်စွာ ပေါက်ရောက်နေသည့် တောကြီးများရှိသည်။ ထိုရေမြေတောတောင်သဘာဝတို့သည် မြန်မာပြည်၏ သဘာဝအလှများ ဖြစ်၍ မြင်ရသူအပေါင်း သာယာကြည်နူးမှုကို ခံစားရစေသည်။ "ဧရာမြစ်သံ၊ လှိုင်းခတ်သံဖြင့်၊ မြန်မာ့ရေပြင်၊ အလှဆင်က၊ တောင်စဉ်တောင်ရိုး၊ ပန်းစုံပျိုး၍၊ ပန်းမျိုးရောင်စုံ ပွင့်ရာမြေ"ဟု ဆိုရလောက်အောင် အလှမျိုးစုံကြွယ်ဝနေပါသည်။ ထို့ကြောင့် မြန်မာ့မြေသည် သာယာမှုအပေါင်းနှင့် အစဉ်ခညောင်းလျက် ရှိနေပါသည်။

မြန်မာ့ရှုခင်းများသည် ရာသီမရွေး လှပနေသည်။ နွေ၊ မိုးနှင့် ဆောင်း သုံးရာသီသာ ပြောင်းမည်။ ရှုခင်းသာယာ ပြည်မြန်မာ၏အလှကား ပြောင်းလဲရိုးထုံးစံ မရှိပေ။ "ဥတုရာသီ တောကိုမှီ၍"၊ "ရွှေပင်ငွေခက် တောမှထွက်၍" ဟု ဆိုသည့်အတိုင်း သစ်တောကြီးများလည်း အုပ်ဆိုင်းညို့မှိုင်းကာ အဖိုးတန်ကျွန်းသစ်များနှင့် အခြားအဖိုးတန်သစ်များတို့ ပေါက်ရောက်လျက်ရှိသည်။ သစ်ပင်တောတောင်များ၏ သဘာဝအလှအပများကား ပြည်မြန်မာ၏ ကြည်နူးစရာကောင်းသော ရှုခင်းအလှများပင် ဖြစ်သည်။ မြန်မာ့ဆန်စပါး ရွှေဝါတို့ကလည်း ကြည့်လေရာရာတွင် ဝင်းဝင်းဝါလျက် ရှိကြသည်။ မြသားရောင်စပါးခင်းကလည်း "မြစိမ်းရောင်ကော်ဇောကြီး ခင်းထားသည့်အလား" စိမ်းစိုသော အရောင်အသွေးတို့နှင့် လှပလျက် လေတိုက်တိုင်း ကိန္နရီများ ကသည့်နှယ်

mgyoe.com

mgyoe.com

ယှိမ်းနွဲ့လျက် ရှိကြသည်။ "ဆိတ်ကို ရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ" ဟူသော စကားပုံအတိုင်း စားနပ်ရိက္ခာတို့သည်ကား မြန်မာနိုင်ငံတွင် စားမကုန် သောက်မကုန် အလျှံပယ် ကြွယ်ဝလျက် ရှိပေသည်။

မြန်မာ့မြေပေါ်တွင် နေထိုင်၍ မြန်မာ့ရေကို သောက်သုံးကြကုန်သော မြန်မာတိုင်းရင်းသားလူမျိုးများဖြစ်သည့် ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ ကယား၊ မွန်၊ ကရင်တို့သည်လည်း ကိုယ်ပိုင်ရိုးရာနှင့်ပင် ဖြစ်ပါသည်။ လူမျိုးအလိုက် သူ့အလှ၊ သူ့ဓလေ့၊ သူ့ယဉ်ကျေးမှုနှင့်အတူ အသွင်တင့်တယ်လျက် ရှိပါသည်။ တိုင်းရင်းသားတို့၏ ဓလေ့ရိုးရာအကတို့ကလည်း သူ့ဝိသေသနှင့် သူ့အဓိပ္ပာယ် ကို ဆောင်လျက်ရှိပါသည်။ ဤသည်တို့သည် သူ့အစွမ်းနှင့်သူ မြန်မာ့ဂုဏ်ကို မြှင့်တင်ပေးနေကြခြင်းပင် ဖြစ်သည်။ မြန်မာတိုင်းရင်းသား ပြည်သူတို့၏ ပွင့်လင်း ဖြူစင်လှသော စိတ်ဓာတ်၊ ခင်မင်ရင်းနှီးတတ်သော စိတ်ဓာတ်တို့ဖြင့် ထုံးမွမ်း ထားရာ ဤစိတ်ဓာတ်တို့သည် မြန်မာပြည်၏အလှကို ပို၍ အသက်ဝင်အောင် အရောင်တင်ပေးကြသည်။

ထို့ပြင် ဒေသအလိုက်၊ ဆည်မြောင်း တာတမံများ တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လွယ်ကူစေရန်အတွက် နိုင်ငံတော်က လမ်းများ၊ တံတားကြီးများ ဖောက်လုပ်တည်ဆောက်ခြင်း စသည့်လုပ်ငန်းစဉ်များတွင် ပြည်သူ လူထုနှင့်အတူ တပ်မတော်သားများကလည်း အင်တိုက်အားတိုက် အကောင် အထည်ဖော် လုပ်ဆောင်ပေးလျက်ရှိသည်ကို တွေ့ရပါသည်။ "မြစ်ကို မြင်လျှင် တံတားဆင်၊ ပြည်ခွင်သာဖို့ လမ်းခင်းစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာ ပြည်အနှံ့ မြစ်ကူးတံတားကြီးများ၊ တံတားငယ်များနှင့် အလှဆင်လျက်ရှိသည်။ "တည်ဆောက်ရေး လုပ်ငန်းများကို အထူးဂရုစိုက် ဆောင်ရွက်လျက်ရှိသော ကြောင့် မြန်မာပြည်အနှံ့ ခေတ်မီအဝေးပြေး လမ်းမကြီးများ၊ မီးရထားလမ်းများ၊ နိုင်အနှံ့တွင် ကွန်ရက်သဖွယ် ပေါ်ပေါက်လာပါသည်။ ခေတ်မီစက်ရုံ အလုပ်ရုံ ကြီးများ၊ စက်မှုဇုန်ကြီးများ ပေါ်ပေါက်လာသည်။ သန့်ရှင်းသပ်ရပ်၍ လှပသော ခေတ်မီမြို့တော်ကြီးများလည်း လျှပ်စစ်မီးများဖြင့် အလှဆင်လျက် တိုးတက် ဖွံ့ဖြိုးလျက်ရှိပေသည်။ ယခုအခါ အမိနိုင်ငံတော်ကြီးသည် စက်ရုံကြီးများ၊ တံတားများ၊ ဆည်မြောင်းတာတမံကြီးများ၊ တိုက်တာအဆောက်အအုံကြီးများဖြင့် တန်ဆာဆင်ကာ ဝင့်ကြွားလျက် ရှိပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် သဘာဝရေမြေတောတောင်များ၊ တည်ဆောက်ရေးရှုခင်းများသည် ဒွန်တွဲနေသော အလှအပတရားများပင် ဖြစ်သည်။

mgyoe.com

mgyoe.com

မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များပီပီ စေတနာသဒ္ဓါတရား ထက်သန်လှသဖြင့် အလှူအတန်းများလည်း ရက်ရောလှသည်။ မြန်မာပြည်အနှံ့တွင် စေတီပုထိုးများ၊ ကျောင်းကန်ဘုရား၊ တန်ဆောင်းများနှင့် တင့်တယ်လျက်ရှိသည်။ ကမ္ဘာ့အံ့ဖွယ်များတွင် တစ်ခုအပါအဝင်ဖြစ်သော ရွှေတိဂုံဘုရားကြီးသည် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များမှ အထင်ကရတစ်ခုပင် ဖြစ်သည်။ ထို့ပြင် "လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်း" ဟု စာချိုးရလောက်အောင် ပုဂံဒေသတွင် ဘုရားစေတီ၊ ဂူပုထိုးများသည် လက်ညှိုးထိုးမလွဲ ပေါများလှပေသည်။ "ထောင်ထွတ်ဖျားဆီ ရွှေစေတီ သရီရဓာတ်စွယ် သရီရ ဓာတ်စွယ်" ဟူသော ကဗျာအတိုင်းပင် မြန်မာပြည်၏ တောင်ထွတ်တောင်ဖျားများတွင် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ ကိန်းအောင်းနေသော ရွှေစေတီများကို ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်ပါသည်။ "အသက်ကလေးရယ်တဲ့ ရှည်စေလို၊ မန်းတောင်ရိပ်ခို" ဟူသော စကားအတိုင်း မန္တလေးတောင်ပေါ်တွင် ဘုရားတန်ဆောင်း၊ စောင်းတန်း၊ ဇရပ်တို့ဖြင့် စည်ကားလျက်ရှိကာ ရွှေပြောင်ပြောင် ထုံးဖွေးဖွေးစေတီများကို ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်ပါသည်။ စစ်ကိုင်းတောင်ရိုးသည်လည်း သာသနာ့နယ်မြေဟု တင်စားရလောက်အောင် စေတီပုထိုးများနှင့် တင့်တယ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာပြည်သည် ဗုဒ္ဓဘာသာဆိုင်ရာ သာသနိကအဆောက်အအုံများနှင့် သာသာယာယာ ရှိလှပေသည်။

အချုပ်အားဖြင့်ဆိုရသော် အမိမြန်မာနိုင်ငံတော်ကြီးသည် ကြည်နူးဖွယ်ရာ ရှုခင်းအစုံစုံ၊ သာယာဖွယ် မြင်ကွင်းအဖုံဖုံတို့ဖြင့် ရှုလို့မဆုံး၊ ကြည့်လို့မဝနိုင်အောင်ပင် ရှိသည်။ မြန်မာတို့၏မြေသည် သာယာကြည်နူးဖွယ်အပေါင်းကို သရုပ်ဆောင်းလျက် ရှိပါသည်။ ကမ္ဘာ့မြေပုံပေါ်တွင် မြန်မာပြည်သည် သာယာမှုအပေါင်း ပြည့်စုံသည့် အလှအပတရားတို့ဖြင့် ခေါင်းမော့ကြွားနေလျက် ရှိသည်။ ဤသို့ သာယာလှပသော မြန်မာပြည်တွင် လူဖြစ်လာကြသော မြန်မာလူမျိုးတို့သည် အလွန်ပင် ကုသိုလ်ထူးလှသည်ဟု ဆိုရပေမည်။ ထို့ကြောင့် "ရှုခင်းသာယာ ပြည်မြန်မာ" ဟု ဆိုရလောက်အောင်ပင် ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော အမိမြန်မာနိုင်ငံတော်ကြီးဆီသို့ လာရောက်၍ သာယာလှပသည့် ရှုခင်းအလှများကို တဝကြီးခံစားကြည့်ရှုလှည့်ပါဟု ကမ္ဘာသူကမ္ဘာသား မိတ်ဆွေများကို ဖိတ်ခေါ်လိုက်ရပါတော့သည်။

*

mgyoe.com

mgyoe.com

## Scenic Spots in Myanmar

Almost every tourist says that Myanmar is a beautiful country. Myanmar has many scenic spots. She has beautiful beaches, clean lakes, picturesque towns and breathtaking parks. Most of the scenic spots are natural but some are man-made. As Myanmar conserves her environment, she still boasts of scenic spots over the country. Moreover, Myanmar is famous for its glittering pagodas.

In Myanmar, there are beautiful unspoilt beaches such as Ngapali, Ngwesaung, Chaungtha and so on. These beaches are always scenic with sea, sun and sand. Moreover, Myanmar possesses vast beautiful lakes such as Inndawgyi, Inlay, Inya and Kandawgyi lakes.Among them, Inlay lake is the most scenic place and it is so famous all over the world. Myanmar also has picturesque towns such as Kalaw, Taunggyi, Pyin Oo Lwin and so on. In Mandalay, there are many famous pagodas. In Bagan, there are so many ancient pagodas. Sunset scenes in Bagan are worth watching. Going upstream on the Ayeyawady, one can reach the confluence on Myitsone of the Ayeyawady. It is a most idyllic place.

mgyoe.com

mgyoe.com


Even the landscapes of Myanmar are scenic. Snow-capped mountains in the north, mountains in Shan State are all picturesque. Not only these natural beauties but also man- made parks are very beautiful. National Kandawgyi Gardens and lush green parks are pleasant and relaxing. In short, scenic spots in Myanmar delight both local people and world travellers.

## Glossary

scenic - ရှုခင်းသာယာသော
spot - နေရာ
boast - ဂုဏ်ယူကြွားဝါသည်
picturesque - ရှုခင်းသာယာသော
upstream - ရေဆန်
confluence - မြစ်ဆုံ
idyllic - အေးချမ်းသာယာသော
snow-capped - နှင်းဖုံးလွှမ်းနေသော
relaxing - အပန်းပြေသော
delight - နှစ်သက်ကြည်နူးစေသည်

❐

mgyoe.com

mgyoe.com

## မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များ

- ❖ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များရှိပုံ
- ❖ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုပွဲတော်များ ဖြစ်ကြောင်း
- ❖ အစဉ်အလာမပျက် လုပ်ဆောင်ကြပုံ
- ❖ ဆယ့်နှစ်လရာသီပွဲတော်များမှ မြန်မာတို့၏ စိတ်ဓာတ်နှင့် စေတနာကို သိနိုင်ကြောင်း
- ❖ ရရှိသော အကျိုးတရားများ

## မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များ

မြန်မာနိုင်ငံတွင် ဥတုသုံးလီနှင့် ရာသီဆယ့်နှစ်လ ရှိသည်။ ဆယ့်နှစ်လရာသီတွင် လရာသီအလိုက်ပွင့်သော ပန်းဆယ့်နှစ်မျိုးဖြင့် လုပသာယာသည်။ ဆယ့်နှစ်လရာသီတွင် လရာသီအလိုက် ကျင်းပသော ပွဲတော်ဆယ့်နှစ်မျိုးဖြင့်လည်း ဖွံ့ဖြိုးစည်ပင်သာယာသည်။ ဆယ့်နှစ်လရာသီပွဲတော် ဆယ့်နှစ်မျိုးကို–

"သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ<br>
စာပလွှေခင်း၊ ပဥ္စင်းတော်ခံ၊<br>
စာရေးတံနှင့်၊ မြစ်ယံပွဲကြီး<br>
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း<br>
မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုံး<br>
ဂူလုံးသဲပုံ၊ စေ့စုံစီလျှဥ်<br>
ဤသို့ယှည်သား၊ လစဉ်အမြဲ

mgyoe.com

mgyoe.com


ဆယ့်နှစ်ပွဲ” ဟူ၍ ကဗျာလင်္ကာဖြင့် မှတ်တမ်းပြုထားသည်။ တန်ခူးလ တာသင်္ကြန်ပွဲမှသည် တပေါင်းလ သဲပုံစေတီပွဲအထိ လရာသီ ဆယ့်နှစ်မျိုးကို လစဉ်အလိုက် အစဉ်မပျက် ကျင်းပကြသည်။

မြန်မာတိုင်းရင်းသား အများစုသည် ထေရဝါဒဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ်ကြသည်။ ယင်းသို့ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုကို အကြောင်းပြု၍ ဘာသာရေးကို အထူးပြုသည့် လရာသီပွဲများလည်း ဆယ့်နှစ်လရာသီပွဲများတွင် ပါသည်။ ယဉ်ကျေးမှုကို အထူးပြု၍ ကျင်းပသော လရာသီပွဲများလည်း ပါသည်။ လူမှုရေးကို အကြောင်းပြု၍ ကျင်းပသော လရာသီပွဲများလည်း ပါသည်။ ရေမြေတောတောင် ရာသီဥတုကို အကြောင်းပြု၍ ကျင်းပသော လရာသီပွဲများ လည်းပါသည်။

မြန်မာ့နှစ်၏ အစနှစ်ဦး တန်ခူးလတွင် သင်္ကြန်ကျရောက်၍ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းလေရာ ထိုလတွင် တစ်နိုင်ငံလုံး၌ သင်္ကြန်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ပွဲတော်တွင် မြန်မာတိုင်းရင်းသားတို့သည် ပျော်ရွှင်စွာ ရေပက်ကစားကြသည်။ ရေကစားသည်မှာ “ရေလိုအေး၍ ပန်းလို လန်းပါစေ” ဟူသော မေတ္တာစာတ်ဖြင့် ကစားခြင်းဖြစ်သည်။ ဤသင်္ကြန်ကာလတွင် လူငယ် တို့က လူကြီးတို့၏ ဦးခေါင်းကို တရော်ကင်ပွန်းတို့ဖြင့် ဆေးလျှော်၍ ကသိုလ် ယူကြသည်။ လူငယ်တို့က လူကြီးတို့ကို ကန်တော့ကြသည်။ လူကြီးတို့က ဥပုသ်သီတင်း ဆောက်တည်၍ ကုသိုလ်ပွားကြသည်။ အချို့က သင်္ကြန်ကာလ အတွင်း၌ ပဉ္စင်းခံ ရှင်ပြု အလှူအတန်းတို့ကို ဆောင်ရွက်ကြသည်။ ဤတန်ခူးလ သင်္ကြန်ပွဲတော်သည် လူအများဆုံး ပါဝင်ဆင်နွှဲပြီး ပျော်ရွှင်စရာအကောင်းဆုံး ပွဲတော်ဖြစ်သည်။

ဒုတိယလဖြစ်သော ကဆုန်လသည် ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ထူးခြား လှသော လဖြစ်သည်။ မြတ်စွာဘုရားအလောင်း သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာ ဘုရားထံမှ ဘုရားဧကန်စင်စစ် ဖြစ်မည်ဟူသော နိယတဗျာဒိတ်ခံယူသည်မှာ ကဆုန်လပြည့်နေ့ဖြစ်သည်။ ဘုရားလောင်း သိဒ္ဓတ္ထ ဖွားတော်မူရာ၊ ဘုရားအဖြစ် ရောက်တော်မူရာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ အချိန်တို့မှာ ကဆုန် လပြည့်နေ့ပင် ဖြစ်သည်။ ဤကဆုန်လပြည့်နေ့၌ ညောင်ရေသွန်းပွဲတော်ကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသည်။ ညောင်ရေသွန်းခြင်းကား မြတ်စွာဘုရား သဗ္ဗညုတ ဉာဏ်ရရာ ဗောဓိညောင်ပင်ကို ရည်စူး၍ ပူဇော်ခြင်းဖြစ်သည်။

mgyoe.com

တတိယကဆုန်လတွင် မျိုးထောင်မျိုးကြဲအလုပ်ကို တောင်သူတို့ ပြုလုပ်ကြသောအခါ စိုက်ပျိုးရေးအောင်မြင်စေကြောင်း ရည်စူး၍ "ပုန်းမကြည်"ပွဲကို ကျင်းပကြသည်။ နယုန်လတွင် အရေးအကြီးဆုံးပွဲတော်မှာ ပထမပြန် စာမေးပွဲများ ကျင်းပကြခြင်းဖြစ်သည်။ ပထမပြန်စာမေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာ ထွန်းကားရေးဖြစ်သည်။

စတုတ္ထဝါဆိုလသည်ကား ကဆုန်လနည်းတူ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ထူးခြားသည်။ ဘုရားအလောင်း ပဋိသန္ဓေယူသောနေ့၊ ဘုရားအလောင်း တောထွက်သောနေ့၊ ဘုရားအဖြစ် ရောက်ရှိပြီးနောက် တရားဦးဖြစ်သော ဓမ္မစကြာတရားဟောသောနေ့၊ ဒိဋ္ဌိတို့ကို နှိမ်နင်း၍ တန်ခိုးပြဋိဟာ ပြသောနေ့တို့မှာ ဝါဆိုလပြည့်နေ့ချည်း ဖြစ်သည်။ ထို့ပြင် ဝါဆိုလသည် သာသနာတော်အထောက်အပံ့ဖြစ်သော သံဃအဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာအောင် ပြုစုခြင်းသဘောရှိသည်။ ဤသို့ထူးခြားသော ဝါဆိုလတွင် ရဟန်းသံဃာတော်များ ကျောင်း၌ အစုံအလင်ရှိသောကြောင့် ဒါယကာ ဒါယိကာမတို့က ပဉ္စင်းတော်ခံပွဲကို ကျင်းပကြသည်။

ဝါခေါင်လတွင် ရဟန်းသံဃာတို့သည် သင်္ကာလဘတ္တခေါ် စာရေးတံဆွမ်းအလှူကို လက်ခံကြရသည်။ စာရေးတံပွဲကို ကျင်းပကြသည်။ စာရေးဝါးခြမ်းပြား၌ သံဃာအရေအတွက်ကို အမှတ်အသားပြု၍ ကံအလျောက် ဆွမ်းကပ်နိုင်ကြရန် အိမ်စဉ်အလိုက် မဲနှိုက်၍လှူသော အလှူဖြစ်သည်။ အလှူခံပုဂ္ဂိုလ်တို့သည် မိမိ၏ ကုသိုလ်ကံအလျောက် ရအပ်သော လှူဖွယ်ဝတ္ထုကို ရကြသည်။

"တော်သလင်း မြစ်တွင်း သင်ဖြူးခင်း" ဟူသော ဆိုရိုးစကားနှင့်အညီ ဤလတွင် ရေဝတီမြစ်သည် လှိုင်းလေကင်းစင်၍ ကြေးမုံပြင်ကဲ့သို့ ညီညာပြန့်ပြူးသော ရေပြင်ရှိသည်။ ထို့ကြောင့် ဤလတွင် ရှေးမြန်မာဘုရင်တို့သည် မြစ်ယံပွဲဟု လည်းကောင်း၊ ပန်းလှသဘင်ဟုလည်းကောင်း ခေါ်ဆိုမြဲဖြစ်သော လှေပြိုင်ပွဲကို ဆင်ယင်ကျင်းပကြသည်။

သီတင်းကျွတ်လ ရောက်သောအခါ သက်ငယ်တို့သည် သက်ကြီးရွယ်ကြီး၊ လူကြီးမိဘ၊ ဆရာသမားတို့ထံ အိမ်တိုင်ရာရောက် သွားရောက်၍ ကန်တော့ကြသည်။ ဗုဒ္ဓဘာသာ တိုင်းရင်းသားတို့က ဆရာဘုန်းတော်ကြီးများ သီတင်းသုံးရာ ကျောင်းဇရပ်သို့ သွားရောက်၍ ပန်း၊ ဆီမီး၊ လှူဖွယ်ဝတ္ထု

mgyoe.com

mgyoe.com


အမျိုးမျိုးကို လှူဒါန်း ပူဇော် ကန်တော့ကြသည်။ ထို့ပြင် ညချမ်းချိန်အခါ၌ မြို့ရွာတစ်ဝန်း မီးထွန်းပွဲတော် ကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပကြသည်။ ထိုမီးထွန်းပွဲကို မြင့်မိုရ်ပွဲဟုလည်းကောင်း၊ တာဝတိံသာပွဲဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။

တန်ဆောင်မုန်း လပြည့်နေ့တွင် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပမြဲဖြစ်သည်။ ထိုပွဲတော်၌ ဆီမီးတန်ဆောင်တို့ကို ထွန်းညှိ၍ မြတ်စွာဘုရားအား ပူဇော်ကြသည်။ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်ကိုလည်း ကျင်းပကြသည်။ ကထိန်ခင်းခြင်းနှင့် တစ်ဆက်တည်း မသိုးသင်္ကန်း ရက်၍ ဘုရားဆင်းတုတော်ကို လွှမ်းခြုံပူဇော်သော မသိုးသင်္ကန်း ဆက်ကပ်ပွဲများကိုလည်း တန်ခိုးကြီးဘုရားစေတီ အသီးသီးတွင် ကျင်းပကြသည်။

နတ်တော်လတွင် ရှေးအစဉ်အလာအရ နတ်ပွဲများ ကျင်းပကြသည်။ သို့သော် ၁၉၄၂–၄၃ ခုနှစ် မြန်မာနိုင်ငံ ဂျပန်အုပ်ချုပ်ရေးခေတ်တွင် စာရေးဆရာအသိုက်အဝန်းသည် မြန်မာနိုင်ငံ စာရေးဆရာအသင်းကို တည်ထောင်ကြသည့်အခါ နတ်တော်လဆန်းတစ်ရက်နေ့ကို စာဆိုတော်နေ့ဟု သတ်မှတ်လိုက်ကြသည်။ ထိုအချိန်မှစ၍ နတ်တော်လရာသီသည် စာဆိုတော်ပွဲရာသီ ဖြစ်လာခဲ့လေသည်။

ပြာသိုလတွင် ရှေးမြန်မာဘုရင်များလက်ထက်က မြင်းခင်းသဘင် ဆင်ယင်ကျင်းပခဲ့ကြသည်။ ဤမြင်းခင်းသဘင်တွင် မင်းညီမင်းသား၊ မှူးမတ်များနှင့်တကွ စစ်သေနာပတိများသည် မိမိတို့၏ အဆောင်အယောင် စစ်ဝတ်တန်ဆာတို့ကို ဝတ်စားဆင်ယင်၍ ဓားရေး၊ လှံရေး၊ လေးရေး၊ သေနတ်ရေး၊ မြင်းရေး၊ ဆင်ရေး စသည်တို့ကို လေ့ကျင့်ပြသကြသည်။

တပို့တွဲလသည် အချမ်းပိုသောလ ဖြစ်သည်။ သို့ဖြစ်ရာ မြတ်စွာဘုရားသည် ဤကာလတွင် ရဟန်းသံဃာတို့အား မီးလှုံရန် ခွင့်ပြုရုံမက ကိုယ်တော်တိုင်လည်း မီးလှုံခဲ့သည်။ ဤသည်ကို အကြောင်းပြု၍ တပို့တွဲလတွင် မီးပုံသဘင် ဆင်ယင်ကျင်းပကြသည်။ မီးပုံ (ဝါ) မီးဖုံးသဘင်တွင် ဗုဒ္ဓဘာသာဝင်တို့သည် နံ့သာထင်းများကို စုပုံမီးရှို့၍ ဘုရား၊ဟန်ဆောင်းတို့၌ အပူဓာတ်ကို ပူဇော်ကြသည်။ မီးဖုံးပွဲနှင့် တစ်ဆက်တည်း ထမနဲပွဲကိုလည်း စုပေါင်းကျင်းပကြသည်။

မြန်မာ့ဆယ့်နှစ်လရာသီ၏ နောက်ဆုံးလကား တပေါင်းလဖြစ်သည်။ ဤတပေါင်းလရာသီတွင် သဲပုံစေတီပွဲကို ကျင်းပကြသည်။ သဲပုံစေတီပွဲ ဖြစ်ပေါ်လာပုံကို "နာရဒ" မည်သော ရသေ့သည် "ယမက" တောင်အနီး ကျောင်း

mgyoe.com

mgyoe.com


သခ်မ်း၌ သီတင်းသုံးစဉ် "အမရိက" မည်သော မြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီကို တည်ပြီးလျှင် ယင်းစေတီကို သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ရည်စူးကာ ရှိခိုးပူဇော်သည်။ ဤကောင်းမှုကြောင့် သိကြားမင်းစည်းစိမ်၊ စကြာမင်းစည်းစိမ်တို့ကို အကြိမ်ကြိမ် စံစားရသည်။ ဤသည်ကို ရည်စူး၍ တပေါင်းလတွင် သဲပုံစေတီပွဲနှင့်အတူ ဘုရားပွဲတော်များ ကျင်းပခဲ့ကြသည်။

ဤသို့လျှင် နှစ်ဦးအစ တန်ခူးလမှသည် နှစ်၏အဆုံး တပေါင်းလအထိ ဆယ့်နှစ်လရှိရာတွင် လအလိုက် ရာသီပွဲတော်များကို ကျင်းပကြသည်။ ယင်းပွဲတော်များသည် ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုကို အကြောင်းပြု ကျင်းပသော ပွဲတော်များလည်း ပါသည်။ လူမျိုး၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ကျင်းပသော ပွဲတော်များလည်း ပါသည်။ ယင်း ဆယ့်နှစ်လရာသီ ပွဲတော်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်နှင့် စေတနာကို ဖော်ကျူးသော ပွဲတော်များ ဖြစ်သည်။ မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များသည် အားရတက်ကြွဖွယ်၊ ပျော်ရွှင်ကြည်နူးဖွယ်၊ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းဖွယ်လည်း ကောင်းလှပါသည်။

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များ ကျင်းပရခြင်း အကျိုးတရားတို့ကား များလှပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ လူမှုရေး ဦးတည်ချက်များဖြစ်သော "အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များက အသက်သွင်း အကောင်အထည်ဖော်လျက် ရှိပါကြောင်း တင်ပြအပ်ပါသတည်း။

*

mgyoe.com

mgyoe.com

## Famous Festivals of Myanmar

Myanmar is a country in Southeast Asia. It is better known as the Land of Pagodas as it has so many pagod as well as in the country. Myanmar has a wealth of cultural heritage as natural resources. Myanmar people are helpful and hospitable. Apart from hospitality, Myanmar people are fun-loving. They like to celebrate life and their festive spirit is renowned. There is no month in the Myanmar calendar that does not have at least one festival. Moreover, there are so many pagoda festivals all over Myanmar.

The Water Festival or Thingyan is the highlight of all festivals in Myanmar. It usually falls in April. People throw water at one another during the festival days. Water throwing relieves the heat of April, the hottest month of the year. It also symbolizes the cleansing of the impurities of the old year and welcoming the new year with a clean mind in a clean body. Most revellers go around the town in open jeeps and light trucks to get drenched at water throwing pandals. Some people watch Yein dances and concerts entertaining at water throwing pavillions. It is a lively festival for young people. Old people keep sabbath or go to meditation centres during Thingyan.

mgyoe.com

Another famous festival is the Festival of Light that falls in October. It is the mark of the end of the Buddhist Lent. It is a three day festival to welcome Lord Buddha who returns from the celestial world to the human abode after teaching Abidhamma to the celestial beings during the whole lent. Houses and streets are decorated with multi-coloured lights and lanterns. These are famous festivals of Myanmar.

## Glossary

highlight - အထင်ရှားဆုံး
renowned - ကျော်ကြားသော
relieve - သက်သာစေသည်
symbolize - သင်္ကေတပြုသည်
cleansing - သန့်စင်စေသည်
Water throwing pavillion - ရေကစားမဏ္ဍာပ်
keep sabbath - ဥပုသ်စောင့်သည်
meditation centre - တရားစခန်း
Buddhist Lent - ဝါတွင်းကာလ
celestial beings - နတ်သားများ
human abode - လူ့ပြည်

mgyoe.com

mgyoe.com

## အချိန်၏တန်ဖိုး

- ❖ အချိန်သည် ရွေ့လျားကုန်ဆုံးနေပုံ
- ❖ ကုန်ဆုံးသောအချိန်ကို ပြန်မရနိုင်ပုံ
- ❖ အချိန်ကို လူသားတို့ အကျိုးရှိရှိ အသုံးချသင့်ပုံ
- ❖ အချိန်ကို အသုံးချတတ်သဖြင့် အောင်မြင်မှုရရှိပုံ သာဓကများ
- ❖ အချိန်ဖြုန်းတီးခြင်း၏ အပြစ်သာဓကများ
- ❖ အချိန်ကို တန်ဖိုးရှိအောင် အသုံးချသင့်ပုံ
- ❖ မိမိအမြင်

### အချိန်၏တန်ဖိုး

"အချိန်နှင့်ဒီရေသည် လူကိုမစောင့်" ဆိုသည့် စကားပုံအတိုင်း အချိန်သည် ရွေ့လျားနေမြဲဖြစ်သည်။ လောကသဘာဝ၏ နိယာမအတိုင်း ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးသည် နေ့နှင့်ညဟူ၍ ပုံမှန်လည်ပတ်နေသကဲ့သို့ အချိန်သည်လည်း စက္ကန့်မှ မိနစ်၊ မိနစ်မှ နာရီ၊ နာရီမှ ရက်၊ လ၊ နှစ်သို့တိုင် ပုံမှန်ရွေ့လျားကုန်ဆုံးနေမြဲ ဖြစ်သည်။ ကျွန်ုပ်တို့လူသားများသည် ပုံမှန်သွားလာလှုပ်ရှားနေရာက တစ်ခါတစ်ရံ အမောအပန်းဖြေရန် ခေတ္တခဏ ရပ်တန့်၍ အနားယူတတ်ကြသေးသည်။ သို့သော် အချိန်တို့သည်ကား မည်သည့် အချိန်ခဏလေးကိုမျှ ရပ်တန့်ခြင်း၊ ရပ်နားခြင်း လုံးဝမရှိပေ။ ပုံမှန်ရွေ့လျားမြဲ၊ ကုန်ဆုံးမြဲသာ ဖြစ်ပေသည်။

mgyoe.com

ထိုသို့ ကုန်ဆုံးသွားသော အချိန်တို့သည် ပြန်လည်၍ အစားထိုးမရနိုင်သော အရာများပင် ဖြစ်ပေသည်။ ရွှေငွေဥစ္စာရတနာများကို တစ်စုံတစ်ရာ အကြောင်းကြောင့် ပျက်စီးဆုံးရှုံးမှုရှိပါက ထိုရွှေငွေဥစ္စာရတနာများကို ပြန်လည်၍ အစားရှာဖွေ ရရှိနိုင်ပေသည်။ ကုန်ဆုံးသွားသော အချိန်များကိုမူ ဘယ်သောအခါမျှ ပြန်လည်၍ အစားရှာဖွေ ရနိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် အင်္ဂလိပ်စာရေးဆရာကြီး ရှိတ်စပီးယားက "ဆုံးရှုံးပြီးသော တစ်မိနစ်ကို မကုန်ဆုံးနိုင်သော ထာဝရအချိန် သမုဒ္ဒရာကြီးသည် အစားထပ်၍ မပေးနိုင်" ဟု ဆိုခဲ့ဖူးသည်။ ထို့ပြင် ဟောရေ့စ်မန်းဆိုသူကလည်း "နေထွက်နှင့် နေဝင်စပ်ကြားတွင် စိန်အတိပြီးသော မိနစ် ၆၀ ဖြင့် ချယ်လှယ်၍ထားသော အချိန်နာရီတစ်ခုသည် ပျောက်သွား၏။ ဆုငွေနှင့် ကြော်ငြာပေး၍ မရှာနိုင်။ အကြောင်းပြန်၍ မရနိုင်သော ပျောက်ဆုံးခြင်းဖြစ်၏" ဟု ပြောဖူးလေသည်။ ထို့ပြင် ဆရာကြီး ပီမိုးနင်းကလည်း "ဆုံးပါးသောပစ္စည်းကို ပြန်၍ရ၏။ ဆုံးပါးသော အချိန်ကိုကား ပြန်၍မရချေ"ဟု မိန့်ဆိုခဲ့ဖူးသည်။ ထို့ကြောင့် ကုန်ဆုံးသွားသော အချိန်တို့သည် ပြန်၍မရနိုင်သဖြင့် လွန်စွာ အဖိုးထိုက်တန်လှပေသည်။

ဤကဲ့သို့ ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာ ရတနာများစွာထက် အဖိုးထိုက်တန်လှသော အချိန်ကို အကျိုးမဲ့မဖြစ်စေဘဲ အချိန်နှင့်အမျှ ကျွန်ုပ်တို့ လူသားတို့သည် အချိန်ကို အကျိုးရှိရှိ အသုံးချသင့်ပေသည်။ အချိန်ကို အမိအရ အကျိုးရှိစွာ အသုံးမချနိုင်ဘဲ အလဟဿ ဖြုန်းတီးမိပါက ဆုံးရှုံးသွားသော အချိန်တို့သည် ပြန်လည်ရရှိနိုင်တော့မည် မဟုတ်ပါ။

ကျွန်ုပ်တို့ လူ့ဘဝတွင် မွေးဖွားချိန်မှ သေဆုံးချိန်အထိ အချိန်နှင့်အမျှ လှုပ်ရှားသွားလာ ရုန်းကန်ကြိုးစားကြသည်။ ပထမအရွယ် ပညာရှာချိန်၌ အချိန်နှင့်အမျှ ပညာကို ကြိုးစားရှာဖွေ သင်ယူကြရသည်။ ဒုတိယအရွယ် ဥစ္စာရှာချိန်တွင်လည်း အချိန်ရှိသရွေ့ ငွေကြေး၊ ဥစ္စာ၊ ရတနာများကို ရှာဖွေ စုဆောင်းကြရသည်။ တတိယအရွယ် ဘာဝနာရှာချိန်တွင် နေ့ညဉ့်မပြတ် အချိန်ရှိသရွေ့ ကောင်းမှုကုသိုလ် ဘာဝနာများ ပွားများအားထုတ် ကြိုးစားရှာဖွေကြရသည်။ ထိုသို့ အချိန်ကို အကျိုးရှိစွာ အသုံးချ၍ ကြိုးစားအားထုတ်ပါက ယခုဘဝ၌သာမက နောင်သံသရာဘဝအထိ အကျိုးရရှိနိုင်ပေသည်။

mgyoe.com

mgyoe.com


အချိန်ကို အသုံးချတတ်သဖြင့် အောင်မြင်မှုရရှိသော သာဓကများစွာ ရှိပါသည်။ ဘုရားလောင်း ဇနကမင်းသားသည် သင်္ဘောနစ်ချိန်တွင် အခြား သင်္ဘောသားများကဲ့သို့ နတ်များကို ရှိခိုး၍ ဆုတောင်းမနေဘဲ အသက်ဘေးမှ လွတ်မြောက်ကြောင်းကို အချိန်ရှိခိုက် လုံ့လစိုက်ထုတ်၍ ကြိုးစားကူးခတ် သောကြောင့် နောက်ဆုံးတွင် မိတ္ထိလာပြည်၏ ဘုရင်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဂျော့စတီဗင်ဆင်သည် အချိန်အတိုအစများကို ရွှေတိုငွေစကဲ့သို့ စုဆောင်းသိမ်းယူ ခဲ့သောကြောင့် အလွန်ကြီးကျယ်သော အလုပ်များကို အောင်မြင်ခဲ့ရလေသည်။

အချိန်ကို အကျိုးမဲ့စွာ ဖြုန်းတီးမိ၍ ဆိုးကျိုးများကိုသာ ခံစားရသော သာဓကများလည်းရှိသည်။ ဘုရားလောင်း ဇနကဇာတ်တော်တွင် သမုဒ္ဒရာရေပြင် ၌ သင်္ဘောနစ်ချိန်တွင် အခြားသောသင်္ဘောသားများက မိမိတို့၏ အသက်ဘေးမှ လွတ်ရာလွတ်ကြောင်းကို မကြံဆောင်ဘဲ အချိန်ကို အကျိုးမဲ့စွာ ဖြုန်းတီးမိသော ကြောင့် ငါး၊ လိပ်၊ မကန်းတို့၏ ကိုက်ဖြတ်စားသောက်ခြင်းကို ခံစားပြီး အသက်ဆုံးရှုံးမှုကို ကြုံတွေ့ကြရသည်။ ထို့ပြင် ပုရွက်ဆိတ်နှင့် နှံကောင်ပုံပြင် တွင် နှံကောင်သည် အချိန်ကို ကောင်းစွာ အသုံးမချခဲ့မိသဖြင့် ဆင်းရဲဒုက္ခ ရောက်ရလေသည်။ ယုန်နှင့်လိပ် အပြေးပြိုင်ပွဲတွင် ယုန်သည် အချိန်ကို အကျိုး ရှိစွာ အသုံးမချခဲ့သဖြင့် လိပ်ကို အရှုံးပေးခဲ့ရဖူးသည်။

ထို့ကြောင့် အချိန်ကို တန်ဖိုးရှိအောင် အသုံးချသင့်ပါသည်။ အချိန်သည် အဖိုးမဖြတ်နိုင်သော အရင်းအနှီးဖြစ်သည်။ အချိန်ဟူသော အရင်းအနှီးနှင့် ကျန်းမာခြင်းဟူသော အရင်းအနှီးရှိလျှင် ငွေအရင်းအနှီးနှင့် ပညာအရင်းအနှီးတို့ကို ရရှိရန် မခဲယဉ်းပေ။ သို့ဖြစ်၍ အားလပ်သော အချိန်ဟူသမျှ၌ ဘာကိုလုပ်မည်၊ ဘယ်စာကို ဖတ်မည်ဟု အသင့်စီမံထားရမည် ဖြစ်သည်။ တစ်နေ့လျှင် တစ်နာရီမျှ မိမိကိုယ်ကို တိုးတက်အောင် ကြိုးစားသူတို့မှာ သုံးနှစ်အတွင်း လူသာမန် အနိမ့်စားအဖြစ်မှ အမြင့်စားအဖြစ်သို့ ရောက်ရှိနိုင်လေသည်။ ဤကဲ့သို့ အချိန် အတိုအစလေးများဖြင့် မိမိကိုယ်ကို တိုးတက်အောင် ပြုလုပ်နိုင်သဖြင့် အချိန်ကို တန်ဖိုးရှိရှိ အသုံးချရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အချိန်သည် တန်ဖိုးရှိလှပါသည်။ ကုန်ဆုံးသွား သော အချိန်တို့ကို အမိအရ အသုံးချနိုင်လျှင် အကျိုးရှိမြဲဖြစ်သည်။ အသုံးမချ လျှင်ကား အချိန်သည် လူကို စောင့်နေမည်မဟုတ်ပါ။ ရွေ့လျားသွားမည်သာ

mgyoe.com

ဖြစ်သည်။ ရွှေ့လျားသောအချိန်ကို ပြန်မရနိုင်သည့်အတွက် အချိန်၏တန်ဖိုးကား ကြီးလှပါသည်။ ထို့ကြောင့် မည်မျှတိုတောင်းသော အချိန်ပိုင်းကလေးပင်ဖြစ်စေ ထိုအချိန်နာရီများကို ပုလဲလုံး၊ ပတ္တမြားလုံးများလို အဖိုးတန်သည်ဟု ယုံကြည်ကာ မပျောက်မရှအောင် အထူးသတိပြု စောင့်ထိန်းအပ်လှပေတော့သည်။

*

mgyoe.com

mgyoe.com

## Knowing the Value of Time

Generally, time can be defined as the passing seconds, minutes, hours, days, weeks, months and years. Everyone should care about time. This is because we cannot control time and it is always ticking whether we notice it or not. As a saying goes, "Time and tide waits for no man". People have to do everything on time, or they will be late to do something or left behind others. If we look at other people's success stories, we will find that all of them know the value of time as it is very precious. In fact, these people believe in the notion that "Time is money."

Everyone has to do something or other according to time. As a Myanmar saying goes, In "In the first age, you seek education, in the second age, you seek wealth and in the third age, you seek religious truth". If we are late for school, the teacher will punish us. Moreover, if we do not seek education when young, we will not be able to make money in our second age. In the same way, if we do not seek wealth when we are in the second age, we will not be able to seek religious truth in the old age. When we have to make money for a living in old age, we will not be able

mgyoe.com

to prepare for our last time on earth. If we cannot do so we will not reach the topmost Height after our passing.

Workers should know the value of time. If they are late for work, the employer will dismiss them. So it is true for other workers such as construction workers. If they do not work on time the building will not be completed during the planned time. Another class of people who know the value of time is the farmer. All farmers get up very early to go to the fields. If they do not sow some seeds when it is time to grow, they will not be able to reap anything when harvest comes. In conclusion, everyone should know the value of time as it is very important in life.

## Glossary

precious - အဖိုးထိုက်တန်သော
notion - အယူအဆ
seek - ရှာဖွေသည်
religious truth - တရား
prepare - ကြိုတင်ပြင်ဆင်သည်
topmost Height - အမြင့်ဆုံးဘုံ
employer - အလုပ်ရှင်
dismiss - အလုပ်ဖြုတ်သည်
sow - ပျိုးကြဲစိုက်ပျိုးသည်
seed - မျိုးစေ့
reap - ရိတ်သိမ်းသည်
harvest - ကောက်ရိတ်သိမ်းချိန်

□

mgyoe.com

mgyoe.com

## စည်းကမ်း

- စည်းကမ်းဟူသည်
- စည်းကမ်းသည် အဘယ့်ကြောင့် လိုအပ်ကြောင်း
- စည်းကမ်းမဲ့ခြင်း၏ အပြစ်သာဓကများ
- စည်းကမ်းရှိခြင်း၏ အကျိုးသာဓကများ
- စည်းကမ်းရှိအောင် ဆောင်ရွက်သင့်ပုံ
- မိမိအမြင်

## စည်းကမ်း

စည်းကမ်းဟူသည် လိုက်နာစောင့်ထိန်းကြရမည့် ကျင့်ဝတ်ဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားပါသည်။ လူ့လောက၊ လူ့ဘဝတွင် လူအသီးသီးတို့ လိုက်နာရန် ပြဋ္ဌာန်းထားသော၊ သတ်မှတ်ထားသည့် စည်းကမ်းများ ရှိမြဲဖြစ်သည်။ ယင်းစည်းကမ်းတို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်များက လိုက်နာကျင့်ကြံမှသာ တစ်ဦးချင်းအတွက်လည်းကောင်း၊ အများအတွက်လည်းကောင်း ကောင်းကျိုးချမ်းသာ ရနိုင်မည်ဖြစ်သည်။ စည်းကမ်းသည် လူ့လောက၏ တန်ဖိုးကို အဆုံးအဖြတ်ပေးသော အရာပင် ဖြစ်သည်။ ထို့ကြောင့် စည်းကမ်းသည် လူတိုင်းလိုက်နာစောင့်ထိန်းအပ်သောအရာပင် ဖြစ်ပေသည်။

mgyoe.com

"အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာ" ဟူသော စကားပုံရှိပါသည်။ ထိုစကားပုံနှင့်အညီ အကွပ်မရှိသော ကြမ်းသည် ဖရိုဖရဲ မသေမသပ် ဖြစ်နေသကဲ့သို့ အထိန်းအကွပ် မရှိသောလူ၊ သို့မဟုတ် အဖွဲ့အစည်းတို့သည် ပရမ်းပတာ ဖြစ်နေပေသည်။ ထိုသို့ မဖြစ်ရလေအောင် စည်းကမ်းသည်သာလျှင် ချုပ်ကိုင်နိုင်စွမ်း ရှိပါသည်။ ထို့ကြောင့် လူ့ဘောင်အဖွဲ့အစည်းတွင် စည်းကမ်းသည် အလွန်အရေးကြီးလှပါသည်။ "လူ့စည်း ဘီလူးစည်း" ဟု ဆိုသည့်အတိုင်း လူသည် လူ့စည်းကမ်းကို လိုက်နာရသကဲ့သို့ ဘီလူးသည်လည်း ဘီလူးစည်းကမ်းကို လိုက်နာရပေသည်။ ခြံစည်းရိုးမရှိသော အိမ်သည် လူအများ၏ ကျူးကျော်ဝင်ရောက်မှုကို ခံရသကဲ့သို့ စည်းကမ်းမရှိသော လူ့အဖွဲ့အစည်းတို့၏ ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခြင်းကို ခံရတတ်လေသည်။ ထို့ကြောင့် စည်းကမ်းသည် လူ့ဘောင်အဖွဲ့အစည်းတွင် မရှိမဖြစ် လိုအပ်လှပေသည်။

စည်းကမ်းမဲ့ခြင်းကြောင့် ရရှိသော အကျိုးအပြစ်သည် လွန်စွာ ကြီးမားလှကြောင်း သာဓကများစွာ ရှိပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီး သူ့ကျွန်ဘဝ ရောက်ခဲ့ရသည်မှာ မြန်မာတွေ စည်းကမ်းမဲ့၍ စည်းဖောက်သောကြောင့် ဖြစ်သည်။ ထိုအကြောင်းကို အချုပ်တန်းဆရာဖေက "မြန်မာတွေ စည်းဖောက်လို့ ထီးပျောက်ခဲ့ပြီ" ဟူ၍ စပ်ဆိုခဲ့ဖူးသည်။ စည်းကမ်းရှိသူသည် နိုင်ငံကြီးသားပီသသူဟူ၍ လူအများ၏ ချီးကျူးမှုကို ခံရသကဲ့သို့ စည်းကမ်းမရှိလျှင် တိုင်းပြည်နှင့် လူမျိုးကို အရှက်ရစေသည်။ မြန်မာရာဇဝင်တွင်လည်း စည်းကမ်းမဲ့ခြင်းကြောင့် ဆုံးရှုံးနစ်နာမှုများ ရှိခဲ့သည်။ အနော်ရထာတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော်ကြီးသည် နရသီဟပတေ့မင်းလက်ထက်တွင် စည်းကမ်းမရှိ ပရမ်းပတာ ဖြစ်ခဲ့၍ တိုင်းတစ်ပါးသား မွန်ဂိုတာတာတို့၏ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ထို့ပြင် ဘုရင့်နောင်တည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်ကြီးသည်လည်း သားတော် နန္ဒဘုရင်လက်ထက် စည်းကမ်းမဲ့သောကြောင့် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲခဲ့ရသည်။

စည်းကမ်းမဲ့ခြင်းကြောင့် ဆိုးကျိုးများ ခံစားရသကဲ့သို့ စည်းကမ်းရှိခြင်းကြောင့် ကောင်းကျိုးများ ခံစားရသော သာဓကများလည်း ရှိပါသည်။ မြန်မာရာဇဝင်တွင် ယခင်က မြန်မာနိုင်ငံသည် စည်းကမ်းမရှိဘဲ အစိတ်အစိတ်အမြွှာမြွှာ ကွဲပြားလျက်ရှိရာ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားတို့သည် စနစ်တကျ စုစည်းပြီးလျှင် စည်းကမ်းတကျဖြစ်အောင် ဆောင်ရွက်ခဲ့

mgyoe.com


သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ယနေ့ထိတိုင် ကမ္ဘာ့အလယ်၌ ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်ခြင်းဖြစ်သည်။ ထို့ပြင် အာရှတိုက်တွင် ပါဝင်သော ဂျပန်၊ ကိုရီးယား၊ စင်္ကာပူ စသော နိုင်ငံတို့သည် သေးငယ်သော ကျွန်းစုနိုင်ငံများဖြစ်သော်လည်း နိုင်ငံသားများ စည်းကမ်းရှိသောကြောင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများအဖြစ် ရပ်တည်နိုင်ပေသည်။ ထို့ပြင် ကမ္ဘာတွင် အင်္ဂလိပ်လူမျိုးတို့သည် စည်းကမ်းအရှိဆုံးဟု တစ်ချိန်က ကျော်ကြားခဲ့သည်။ ထိုသို့ စည်းကမ်းရှိခြင်းကြောင့် အင်မတန် ကြီးကျယ်ခမ်းနားသော "နေမဝင်အင်ပါယာ" ကြီးကိုတည်ထောင်နိုင်ခဲ့သည်။ ထို့ပြင် စံပြကျောင်းသား၊ စံပြလုပ်သား၊ စံပြအမှုထမ်းကောင်းတို့သည် စည်းကမ်းကို အထူးလိုက်နာခြင်းကြောင့် ဂုဏ်ပြုမှု ခံရခြင်းဖြစ်သည်။

စည်းကမ်း၏ တန်ဖိုးကို သိနားလည်၍ စည်းကမ်းလိုက်နာသူများသည် ကြီးကျယ်မြင့်မြတ်သောဘဝကို ပိုင်ဆိုင်ကြရသည်။ ထို့ကြောင့် စည်းကမ်းသည် လူမျိုး၏အသက်၊ လူမျိုး၏တန်ဖိုး၊ လူမျိုး၏ဂုဏ်ဟု ဆိုသင့်ပါသည်။ စည်းကမ်းဖောက်လျှင် လူမျိုးပါ ပျောက်သွားနိုင်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဟု အဆိုရှိသကဲ့သို့ လူ၏တန်ဖိုးသည် စည်းကမ်းရှိမှုအပေါ်တွင် တည်နေပေသည်။ ထို့ကြောင့် တန်ဖိုးရှိသောလူဖြစ်အောင် လူ့စည်းကမ်းများကို လိုက်နာသင့်ပေသည်။ ငယ်စဉ်ကျောင်းသားဘဝမှစ၍ စည်းကမ်းလိုက်နာတတ်အောင်ပြုစုပျိုးထောင်ပေးသင့်သည်။ သို့မှသာ စည်းကမ်းရှိသော နိုင်ငံသားများ ဖြစ်လာပေမည်။ စည်းကမ်းရှိသော နိုင်ငံသားများဖြင့် တည်ဆောက်ထားသော နိုင်ငံဖြစ်မှသာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်၍ အစွန့်ရှည် တည်တံ့နိုင်ပေမည်။ နိုင်ငံသားတိုင်း စည်းကမ်းရှိအောင် အိမ်တွင်လည်း အိမ်စည်းကမ်း၊ ကျောင်းတွင်လည်း ကျောင်းစည်းကမ်း၊ ရုံးဌာနတွင်လည်း ရုံးစည်းကမ်း၊ ဆေးရုံတွင်လည်း ဆေးရုံစည်းကမ်း၊ နိုင်ငံတွင်လည်း နိုင်ငံစည်းကမ်း စသည်ဖြင့် သတ်မှတ်ထားရပေမည်။ ထိုသို့ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းသည် မိမိကိုယ်ကို စည်းကမ်းရှိအောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လူတိုင်း စည်းကမ်းရှိအောင် ဝိုင်းဝန်း၍ ဆောင်ရွက်သင့်ပါသည်။

အချုပ်အားဖြင့် ဆိုရသော် စည်းကမ်းဟူသည် လူတစ်ဦးချင်း တိုးတက်ရေးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခု၊ နိုင်ငံတစ်ခု တိုးတက်ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း အရေးကြီးလှသည်။ "စည်းကမ်းရှိမှ တိုးတက်

mgyoe.com

mgyoe.com


မည်" ဆိုသော ဆောင်ပုဒ်အတိုင်း လူတစ်ယောက်တိုင်းမှစ၍ စည်းကမ်းရှိပါက၊ စည်းကမ်းလိုက်နာပါက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စည်ပင်ထွန်းကားလာမည် ဖြစ်သည်။ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အမျိုးအနွယ်တို့၏ ဂုဏ်သိက္ခာကို စည်းကမ်းရှိစွာဖြင့် ထိန်းသိမ်းစေချင်သည်။ ထို့ကြောင့် လူတိုင်း စည်းကမ်းလိုက်နာကြခြင်းဖြင့် အေးချမ်းသာယာသည့် ခေတ်မီနိုင်ငံတော် တည်ဆောက်နိုင်ရေး၊ ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရေးအတွက် ကြိုးပမ်းကြပါစို့ဟု ဘိုက်တွန်းလိုက်ရပါတော့သည်။

*

mgyoe.com

mgyoe.com

## The Importance of Self - Discipline

Discipline means the practice of training people to obey and behave well. Self-discipline is observing discipline for oneself. In Myanmar language, discipline means "Seekan". "See" is a fence and "Kan" is the bank of a river. When a village or house has a fence around it, enemies cannot attack it easily. Similarly, banks control the current of a river. If a river has no bank, the water will flow in every direction . So discipline is to control a person or group for bring improvement or progress. If one wishes to improve one's life, one has to practise self-discipline. Therefore, it is very important for everyone to have self-discipline.

In fact, discipline is very important for everybody and every organization. In school, students observe discipline so that they can learn well. If there is no discipline in a school, students do not behave well and they can get little education. So also is true in any workspace. If workers come and go at their will, they cannot produce well. If they do not follow the rules, they will be injured or killed when someone does something dangerous by accident. In an army, soldiers follow the rules, If they do not do so,

mgyoe.com

mgyoe.com


they will be unable to win the battle. When one uses the road, one has to follow traffic rules whether one is a driver or pedestrian. Otherwise, one will meet with an accident.

Self-discipline is essential for individual improvements. If a student wants to pass the exam with flying colours, he or she will have to observe self-discipline. He or she must study for long hours every day. One cannot indulge oneself for watching TV or going about in town. It is also true with any sportsperson. If a sportsperson wishes to break the record, he must practise a lot whether it is wet or fine. He must bear the pains of practising hard to win the game. These examples testify that self-discipline is very important for everyone.

## Glossary

discipline - စည်းကမ်း
obey - လိုက်နာသည်
observing - စောင့်ထိန်းခြင်း
fence - စည်းရိုး
bank - ကမ်းပါး
Similarly - ထို့နည်းတူစွာပင်
improvement - တိုးတက်မှု
progress - တိုးတက်ဖွံ့ဖြိုးမှု
at their will - ၎င်းတို့၏ စိတ်ဆန္ဒအတိုင်း
injured - ထိခိုက်ဒဏ်ရာရသော
traffic rule - လမ်းစည်းကမ်း
pedestrian - လမ်းလျှောက်သွားလာသူ
individual - တစ်ဦးချင်း

mgyoe.com

mgyoe.com


| | | |
|---|---|---|
| with flying colours | - | ဂုဏ်ထူးအများကြီးဖြင့် |
| break the record | - | စံချိန်ချိုးသည် |
| wet or fine | - | မိုးရွာရွာ၊ နေပူပူ |
| testify | - | သက်သေခံသည် |

❒

mgyoe.com

mgyoe.com

## မိတ်ဆွေကောင်း

- မိတ်ဆွေကောင်းဟူသည်
- မိတ်ဆွေကောင်းရှိရန် လိုအပ်ပုံ
- မိတ်ဆွေကောင်းရှိခြင်းကြောင့် ရရှိသောအကျိုး
- သာဓကများ
- မိတ်ဆွေဆိုးများကြောင့် ရရှိသောအပြစ်
- သာဓကများ
- ခံစားချက် အတွေးအမြင်များ

## မိတ်ဆွေကောင်း

လူဟူ၍ဖြစ်လာလျှင် တစ်ဦးတစ်ယောက်တည်း နေထိုင်၍ မဖြစ်နိုင်ပေ။ အစုအဝေး၊ အပေါင်းအဖော်နှင့် နေရပေမည်။ ထိုအပေါင်းအဖော်များထဲတွင် မိမိအပေါ် ကောင်းသူရှိသကဲ့သို့ ဆိုးသူလည်း ရှိပေမည်။ ထိုအထဲတွင် အရေးကြုံက မိမိဘက်မှ အစဉ်ရပ်တည်၍ ကောင်းရာကို ညွှန်ပြသော လုပ်ကိုင်ဆောင်ရွက်ဖွယ်ရာတို့ကို ကူညီပေးသောသူသည် မိတ်ဆွေကောင်းမည်ပေသည်။

မိတ်ဆွေကောင်းတို့မည်သည် ဆင်းရဲဒုက္ခရောက်နေသော မိတ်ဆွေအား ကူညီမည်ဟူသော အသိစိတ်ဓာတ် အပြည့်အဝ ရှိကြသည်။ မိတ်ဆွေကောင်းတို့

mgyoe.com

mgyoe.com

သည် မိမိအရေးကြုံလျှင် မည်သည့်အချိန်တွင်မဆို အချိန်အခါမရွေး ကူညီတတ်ကြသည်။ ထို့ပြင် မိတ်ဆွေကောင်းတို့သည် မကောင်းသည့်အရာကို တားမြစ်တတ်ပြီး ကောင်းမွန်အကျိုးဖြစ်ထွန်းစေနိုင်သည့် အရာများကို လမ်းညွှန်ပေးပါသည်။ ထို့ကြောင့် မိတ်ဆွေကောင်းဟူသည် မိမိအခက်အခဲကြုံလျှင် ခေါင်းမရှောင်ဘဲ စေတနာအမှန်ဖြင့် ဆောင်ရွက်ပေးသူပင် ဖြစ်ပါသည်။

ဤလောက၌ အထင်နှင့်အမြင် လွဲမှားတတ်ကြသည်။ အချို့သောသူတို့သည် အပြောချိုသော်လည်း မနှောဆိုးတတ်ကြသည်။ ထိုသူတို့သည် ပေါင်းသင်းဆက်ဆံရာတွင် မိမိအလိုဆန္ဒရှိမှသာ ပေါင်းသင်း၍ အလိုဆန္ဒမရှိတော့သောအခါ ရှောင်ခွာသွားကြသည်။ ထိုသူတို့ကား မိတ်ဆွေကောင်းဟု မမည်ပေ။ မိတ်ဆွေတုမိတ်ဆွေယောင်များသာ ဖြစ်သည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကျိုးအတွက် မျှော်ကိုး၍ ပေါင်းသင်းကြသည်။ အမှုကိစ္စကြုံလာလျှင် မသိသလို ရှောင်ထွက်သွားတတ်ကြသည်။ အချို့သော သူတို့မှာမူ အပြောဆိုးသော်လည်း မနှောချိုတတ်ကြသည်။ အချို့မှာ ရုပ်မလှသော်လည်း စိတ်ထားမြင့်မြတ်ကြသည်။ ထိုသူတို့သည် ကိုယ့်အကျိုးကို ပယ်စွန့်၍ သူတစ်ပါးကောင်းကျိုး၊ အများကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်တတ်ကြသည်။ ထို့ပြင် မိတ်ဆွေအပေါင်းအသင်းအပေါ်၌လည်း ရိုးသားပွင့်လင်းစွာ ဆက်ဆံတတ်၍ ကိုယ်ချင်းစာတရား အပြည့်ရှိကြသည်။ ထို့အပြင် မိတ်ဆွေအပေါ်၌ သစ္စာစောင့်သိ၍ ကိုယ့်အကျိုး သူ့အကျိုးညီညွတ်မျှတစွာ ဆောင်ရွက်တတ်ကြသူများလည်း ဖြစ်သည်။ ထိုသူတို့ကား မိတ်ဆွေကောင်းဟု ဆိုထိုက်ပေသည်။ မိတ်ဆွေကောင်းတို့သည် မိမိဒုက္ခရောက်ချိန်တွင် ကိုယ်ကျိုးမငဲ့ဘဲ ကူညီသင့်သည်ကို ကူညီတတ်သောကြောင့် လူတိုင်းတွင် မိတ်ဆွေကောင်းရှိရန် လိုအပ်ပါသည်။

လောကတွင် မိတ်ဆွေကောင်းရှိခြင်းကြောင့် ရရှိသောအကျိုးမှာ များပြားလှပါသည်။ မိတ်ဆွေကောင်းသည် မိမိ၏ အကျိုးစီးပွားကို လိုလားသည်။ မိတ်ဆွေကောင်းသည် မိမိအတွက် ယုံကြည်အားကိုးရလောက်သူလည်း ဖြစ်သည်။ ထိုသို့သော မိတ်ဆွေကောင်းများအနက် မိဘဆရာတို့သည် လူသားတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော မိတ်ဆွေကောင်းများ ဖြစ်ကြသည်။ ထိုမိတ်ဆွေကောင်းတို့သည် မိမိအခက်အခဲကြုံတွေ့ပြီး အကူအညီလိုအပ်ချိန်တွင် အမြဲတစေ ကူညီစောင့်ရှောက်တတ်ကြသည်။ ထိုကဲ့သို့ သက်ရှိမိတ်ဆွေကောင်းများ ရှိသကဲ့သို့ သက်မဲ့မိတ်ဆွေကောင်းများလည်း ရှိသေးသည်။ ထိုအရာမှာ ပညာပင် ဖြစ်သည်။

mgyoe.com

mgyoe.com


ပညာဟူသည် လူတိုင်းအတွက် အမှားအမှန် အကောင်းအဆိုးကို လမ်းညွှန်ပြသပေးနိုင်သောကြောင့် လူတိုင်းအတွက် အသင့်တော်ဆုံး မိတ်ဆွေကောင်းပင် ဖြစ်သည်။ ထို့ပြင် "စာအုပ်စာပေ၊လူ့မိတ်ဆွေ" ဟု ဆိုသည့်အတိုင်း စာအုပ်စာပေတို့သည် လူတို့၏ မိတ်ဆွေကောင်းများပင် ဖြစ်သည်။ စာအုပ်စာပေတို့မှ အသိတရား၊ အလိမ္မာ၊ ပညာ၊ ဗဟုသုတတို့ကို ရရှိနိုင်သည်။ အမိုက်မှောင်ကိုလည်း မိတ်ဆွေကောင်းဖြစ်သော စာအုပ်စာပေတို့က ထိန်လင်းစေပါသည်။ ထို့ကြောင့် သက်ရှိ မိတ်ဆွေကောင်းဖြစ်စေ၊ သက်မဲ့မိတ်ဆွေကောင်းဖြစ်စေ မိတ်ဆွေကောင်းရှိခြင်း၏ အကျိုးမှာ ကြီးမားလှပါသည်။

မိတ်ဆွေကောင်းရှိခြင်းကြောင့် ကောင်းကျိုးခံစားရသော သာဓကများ ရှိပါသည်။ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်လာ မဟာဥက္ကုသဇာတ်တွင် စွန်ဖိုနှင့် စွန်မတို့သည် အရေးရှိလျှင် အကူအညီရရန် ပတ်ဝန်းကျင်၌ ရှိသော ခြင်္သေ့၊ ဝံလို၊ လိပ်တို့နှင့် မိတ်ဆွေဖွဲ့ထား၏။ မကြာမီ စွန်ဖိုနှင့် စွန်မတို့မှ စွန်ငယ်နှစ်ကောင် ပေါက်ဖွားကုန်သည်။ ထိုအခါ ရွာသားများက စွန်သားစားရန်အလို့ငှာ စွန်ငယ်တို့ကို ဖမ်းဆီးရန် လာကြလေသည်။ စွန်မသည် စွန်ဖိုကို မိတ်ဖွဲ့ထားသော ခြင်္သေ့၊ ဝံလိုနှင့် လိပ်တို့ထံ အကူအညီတောင်းစေသည်။ ထိုအခါ ခြင်္သေ့၊ ဝံလိုငှက်နှင့် လိပ်တို့၏ကူညီမှုကြောင့် ရွာသားများ ထွက်ပြေးရပြီး စွန်မိသားစုမှာ အသက်ချမ်းသာရာ ရခဲ့ဖူးသည်မှာ မိတ်ဆွေကောင်းရှိခြင်း၏ ကောင်းကျိုးသာဓကပင် ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့ ငယ်စဉ်ကသင်ခဲ့ရသော မြန်မာဖတ်စာတွင်လည်း သမင်၊ လိပ်နှင့် ခေါက်ရှာငှက်ဟူသော မိတ်ဆွေသုံးဦးသည် မိတ်ဆွေကောင်းပီသမှုကြောင့် မုဆိုးလက်မှ လွတ်မြောက်ရဖူးသည်။ ထို့ကြောင့် မိတ်ဆွေကောင်းရှိခြင်း၏ ကောင်းကျိုးမှာ အလွန်ကြီးမားပါသည်။

မိတ်ဆွေကောင်းရှိခြင်းကြောင့် ကောင်းကျိုးခံစားရသကဲ့သို့ မိတ်ဆွေဆိုးများရှိခြင်းကြောင့် ရရှိသောအပြစ်များမှာ များပြားလှပါသည်။ "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး"ဟူသော ဆိုရိုးစကားအရ လူတို့သည် ပတ်ဝန်းကျင်အလျောက် ပြောင်းလဲတတ်ကြသည်။ မိတ်ဆွေအပေါင်းအသင်း ပတ်ဝန်းကျင်သည် အရေးပါလှသည်။ မိတ်ဆွေကောင်းတို့ရှိရာ ပတ်ဝန်းကျင်မှာသာလျှင် လူလိမ္မာ၊ လူတော်လူကောင်းများ ဖြစ်လာနိုင်သည်။ မိတ်ဆွေဆိုးများ ပတ်ဝန်းကျင်၌ ကြီးပြင်းသူသည် အကျင့်ပျက်သူသာ ဖြစ်လာနိုင်ပါသည်။ ဥပမာ

mgyoe.com

mgyoe.com


ဆိုရလျှင် လေမုန်တိုင်းဒဏ်ကြောင့် ကွဲကွာသွားရသော ကျေးညီနောင်အနက် ရသေ့တို့၏ ကျောင်းသင်္ခမ်းသို့ ရောက်သွားသော ကျေးငယ်သည် ယဉ်ကျေးသိမ်မွေ့လာသကဲ့သို့ ခိုးသားဓားပြတို့၏ လက်တွင်းရောက်သွားသော ကျေးငယ်မှာ ရိုင်းစိုင်းကြမ်းတမ်းလာခဲ့သည်။ ထိုကျေးငယ် ရိုင်းစိုင်းကြမ်းတမ်း လာရခြင်းမှာ မိတ်ဆွေဆိုးတို့ကြောင့် ဖြစ်လာရသည့် ဆိုးပြစ်ပင်ဖြစ်သည်။

မိတ်ဆွေဆိုးများကြောင့် ရရှိသော ဆိုးကျိုးသာဓကများ ရှိပါသည်။ ပုဂံရာဇဝင်တွင် စောလူးမင်းသည် မိတ်ဆွေစစ်ဖြစ်သော ကျန်စစ်သားမင်းရှိလျက်နှင့် မိတ်ဆွေဆိုးဖြစ်သော ငရမန်ကန်းကို ယုံကြည်မိ၍ အသက်ဆုံးရှုံးခဲ့ရသည်။ ထို့ပြင် တောင်ငူခေတ်တွင်လည်း တပင်ရွှေထီးသည် မိတ်ဆွေဆိုးများကို ပေါင်းဖက်မိ၍ သေရည်ကြိုက်သော ယစ်ထုပ်ဖြစ်ကာ သူတစ်ပါးလုပ်ကြံခြင်းကို ခံခဲ့ရဖူးသည်။ ထို့ပြင် ကုဋေရှစ်ဆယ် သူဌေးသားပုံပြင်တွင်လည်း မိတ်ဆွေဆိုးများကို မိတ်ဆွေစစ်ဟု ထင်မှတ်ယုံကြည်ခဲ့မှုကြောင့် စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ပြင် ၅၅၀ နိပါတ်လာ ဝဏ္ဏာရောဟဇာတ်တွင် ခြင်္သေ့နှင့် ကျားတို့သည် ချစ်ခင်သင့်မြတ်စွာ အဆွေခင်ပွန်းဖွဲ့ နေကြသည်။ မြေခွေးတစ်ကောင်သည် ထိုခြင်္သေ့နှင့် ကျားတို့အနီး၌နေ၏။ တစ်နေ့သော် မိတ်ဆွေဆိုးဖြစ်သော မြေခွေးသည် မိတ်ဆွေစစ်များဖြစ်ကြသော ခြင်္သေ့နှင့် ကျားတို့ကို တစ်လှည့်စီ ကုန်းချောစကား ဆိုလေသဖြင့် အချင်းချင်း စိတ်ဝမ်းကွဲခဲ့ရဖူးသည်။ ထို့ကြောင့် မိတ်ဆွေဆိုးတို့၏ အပြစ်များမှာ အလွန်ပင် များလှသည်။

ဤသို့လျှင် လူတို့သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ သင့်တင့်မျှတသောစိတ်ဖြင့် ပေါင်းသင်းဆက်ဆံရန် လိုအပ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံသည်လည်း ပတ်ဝန်းကျင်နိုင်ငံများနှင့် ညီညွတ်မျှတစွာ ပေါင်းသင်းနေထိုင်ရန် လိုအပ်လှသည်။ သို့မှသာ မိမိတို့၏ လွတ်လပ်ရေး အစွန့်ရှည်အောင် တည်တံ့ခိုင်မြဲ၍ တိုင်းပြည်၏ စီးပွားရေးလည်း တိုးတက်လာပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယနေ့လူငယ်ဘဝမှစ၍ ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းနှင့် လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံကြရပါမည်။ မိတ်ဆွေကောင်းတို့နှင့် ပေါင်းသင်း၍ မိမိကိုယ်တိုင် မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစားအားထုတ်ရင်း မိမိဘဝကို မိမိဘာသာ မြှင့်တင်ရမည်သာ ဖြစ်ပေသည်။

*

mgyoe.com

mgyoe.com

## Money Cannot Buy True Friends

Money is the means of paying for something or buying something. We can buy foods, clothes, houses, medicines and many other things with money. Moreover, we can pay for services such as hairdressing, painting, plumbing, water supply and power supply with money. Moreover, we can hire employees to do for our profits by paying them money as salary. With the use of money, we can trade with other countries. We can even hire mercenaries to attack a country. Similarly, we can hire an assassin to kill someone. All in all, money seems to have the ability to buy almost everything.

Of course, money plays an important part in the lives of men. However, there are some things that money cannot buy. Among them, true friends are one of the things money cannot buy. It is true that money can make many people do the something, good or bad. But, it is also true that some people are out of monetary control. We cannot buy such people with money. Patriots, Martyrs, Statesmen and true friends are the kinds of people whom cannot be attracted by money. True friends are people who are always ready to sacrifice anything for their loved ones. They can even sacrifice their lives for the benefits of their friends.

mgyoe.com